ပြဟ္မစရိယဉ္စ ဧတံ မင်္ဂလ မုတ္တမံ၊ မြတ်သောအကျင့်ကို ကျင့်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ တော်သလင်းလဆန်း ၅ ရက်၊ ၂၀၀၄ ခုနှစ်၊ စက်တင်ဘာ ၁၈ ရက်၊ စနေနေ့၊ အတွဲ(၄၁)၊ အမှတ်(၃၅၁)

နိုင်ငံရေးဦးတည်ချက် (၄) ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄) ရပ်
* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာ နှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄) ရပ်
* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီးဒေါ်ကြိုင်ကြိုင် ချစ်ကြည်ရေးခရီးမှ ပြန်လည်ရောက်ရှိလာသော နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့အား ကြိုဆိုနှုတ်ဆက်

ရန်ကုန် စက်တင်ဘာ ၁၇

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များ လိုက်ပါလျက် စင်ကာပူသမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာလီရှန်းလွန်း၏ ဖိတ်ကြားချက်အရ စင်ကာပူသမ္မတနိုင်ငံတွင် ချစ်ကြည်ရေးခရီး သွားရောက်လည်ပတ်ခဲ့ပြီးနောက် ယနေ့ ညနေ ၃နာရီတွင် အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်းလေယာဉ်ဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာကြသည်။

ကြိုဆိုနှုတ်ဆက်

နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေတို့အား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ် မှူးကြီး သန်းရွှေနှင့်ဇနီးဒေါ်ကြိုင်ကြိုင်၊ **စာမျက်နှာ ၃ ကော်လံ ၁** ✻

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့်အဖွဲ့ဝင်များ စင်ကာပူသမ္မတနိုင်ငံ ချစ်ကြည်ရေး ခရီးမှ ပြန်လည်ရောက်ရှိလာသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေတို့အား ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာလီရှန်းလွန်းက စင်ကာပူမြို့ရှိ သမ္မတအိမ်တော် အစ္စတာနာတွင် လှိုက်လှဲခင်မင်စွာကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဇနီး စင်ကာပူသမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးရောက်ရှိ

ရန်ကုန် စက်တင်ဘာ ၁၇

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေတို့သည် စင်ကာပူ သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာလီရှန်းလွန်း၏ ဖိတ်ကြားချက်အရ စင်ကာပူသမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ဌာနဆိုင်ရာအကြီးအကဲများလိုက်ပါလျက် စက်တင်ဘာ ၁၂ ရက် နံနက် ၁၀နာရီတွင် မြန်မာလေကြောင်းအထူးလေယာဉ်ဖြင့် ရန်ကုန်မြို့မှ စင်ကာပူသမ္မတနိုင်ငံ စင်ကာပူမြို့သို့ထွက်ခွာခဲ့ကြရာ ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီခွဲတွင် ချန်ဂီအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြသည်။

မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်နှင့် ဇနီး ဒေါ်စံယုံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းနှင့် ဌာနဆိုင်ရာ အကြီးအကဲများ လိုက်ပါလာကြသည်။

ခရီးဦးကြိုဆို

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား စင်ကာပူသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံသံအမတ်ကြီး ဦးလှသန်းနှင့် စင်ကာပူသမ္မတနိုင်ငံ **စာမျက်နှာ ၈ ကော်လံ ၁** ■

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၄ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်)

ရေရှည်အကျိုးစီးပွားဖြစ်ထွန်းရေး နှစ်ရှည်ပင်စိုက်ပျိုး သီးနှံထုတ်ကုန်များ တိုးတက်ထွက်ရှိအောင် အားထုတ်လုပ်ကိုင်

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် မြေသယံဇာတနှင့် ရေသယံဇာတ ပေါများကြွယ်ဝသည့် နိုင်ငံဖြစ်သည်။ ပေါများကြွယ်ဝသည့် သဘာဝသယံဇာတများကို အခြေပြု၍ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများကို အဓိကအားပြု လုပ်ကိုင်နေသော နိုင်ငံဖြစ်သည်။ ထိုလုပ်ငန်းများကို တိုင်းရင်းသားလုပ်ငန်းရှင်များအား နိုင်ငံတော်က လုပ်ကိုင်ခွင့်များ ချထားပေးခဲ့သည်။

ယခုအခါ ရာသီသီးနှံများဖြစ်သည့် လယ်ယာသီးနှံ၊ ဆီအုန်း၊ ရော်ဘာ၊ ကော်ဖီစသည့် နှစ်ရှည်သီးနှံများနှင့် ငါး၊ပုစွန်လုပ်ငန်းများလုပ်ကိုင်နိုင်ရန်အတွက် နိုင်ငံတော်က လုပ်ကွက်ကြီးများ ဖော်ထုတ်ပေးပြီး တိုင်းရင်းသား လုပ်ငန်းရှင်များအား လုပ်ကိုင်စေလျက်ရှိသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် စက်တင်ဘာလ ၁၆ ရက်နေ့က ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ကျင်းပသည့် နှစ်ရှည်ပင်လုပ်ငန်းနှင့် လယ်မြေ၊ ယာမြေ လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းရှင်များနှင့် တွေ့ဆုံညှိနှိုင်းအစည်းအဝေး(၇/၂၀၀၄)သို့ တက်ရောက်၍ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များအား တွေ့ဆုံမှာကြားသည်။

ဗိုလ်ချုပ်ကြီးသူရရွှေမန်းက ဆွေးနွေးမှာကြားရာတွင်–

“နိုင်ငံတော်သည် တိုင်းရင်းသားလုပ်ငန်းရှင်များ၏ မှန်ကန်သော ပူးပေါင်းဆောင်ရွက်မှုအားကို ရယူ၍ ဈေးကွက်စီးပွားရေးစနစ်ကို ပီပြင်အောင်မြင်အောင် တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့်လည်း နိုင်ငံတော်၏စီးပွားရေးဘဝ၌ လယ်ယာလုပ်ငန်းရှင်များ၊ စက်မှုလုပ်ငန်းရှင်များ၊ ကုန်သွယ်မှုလုပ်ငန်းရှင်များ၊ ဝန်ဆောင်မှုလုပ်ငန်းရှင်များ စသည်ဖြင့် တိုင်းရင်းသားလုပ်ငန်းရှင်များ အခြေခိုင်မာစွာ ဖွံ့ဖြိုးတိုးတက်လာအောင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုများနှင့်အညီ အဘက်ဘက်မှပြုစုပျိုးထောင် အားပေးနေခြင်း ဖြစ်ကြောင်း”

ပြောကြားသွားသည်။

နိုင်ငံတော်အစိုးရသည် ဈေးကွက်စီးပွားရေး စနစ်ပီပြင်စွာ ဖြစ်ပေါ်လာရေးအတွက် ပုဂ္ဂလိကပိုင်အခန်းကဏ္ဍကို အားပေးမြှင့်တင်ပေးလျက်ရှိသည်။ တိုင်းရင်းသားလုပ်ငန်းရှင်များကလည်း နိုင်ငံတော်၏ စေတနာနှင့် မျှော်မှန်းချက်များအပေါ် မှန်ကန်သောအသိ၊ မှန်ကန်သောအလုပ်များဖြင့် တုံ့ပြန်ပြီး နိုင်ငံတော်နှင့်အတူ လက်တွဲပူးပေါင်း လုပ်ကိုင်သွားကြရမည်ဖြစ်သည်။ ထိုသို့လုပ်ကိုင်ရင်း ပြည်သူများ၏ လက်ငင်းစားသုံးမှုအတွက်သာမက နောင်တိုးပွားလာမည့် နိုင်ငံသားများအတွက်ပါ စားသုံးသီးနှံဖူလုံစေရေးနှင့် ထိုမှတစ်ဖန် ပိုလျှံသည်ထက်ပိုလျှံရန် စိုက်ပျိုးထုတ်လုပ်သွားကြရမည် ဖြစ်သည်။

မြန်မာနိုင်ငံတွင် လက်ရှိစိုက်ပျိုးနေသောမြေများအပြင် မြေလွတ်မြေလပ်နှင့် စိုက်ပျိုးနိုင်သည့် မြေရိုင်းဧရိယာ များစွာကျန်ရှိနေသေးသည်။ စိုက်ပျိုးရန်မြေ၊ စိုက်ပျိုးရန်ရေရှိသကဲ့သို့ သင့်တင့်မျှတသော ရာသီဥတုလည်း ရှိပြီးဖြစ်၍ စိုက်ပျိုးရေးလုပ်ငန်းများကို ခေတ်မီနည်းစနစ်များဖြင့် တိုးချဲ့စိုက်ပျိုးပါက ရေရှည်အကျိုးဖြစ်ထွန်းမည့် လုပ်ငန်းများဖြစ်သည်။

နိုင်ငံတော်၏ စီမံအားပေးမှုဖြင့် ရေမြေရာသီဥတု အခြေအနေပေးသည့် တနင်္သာရီတိုင်း၌ ဆီအုန်းဧကငါးသိန်း စိုက်ပျိုးပြီး ပြည်တွင်းစားသုံးဆီဖူလုံရေး၊ ပိုလျှံသည်များကို ပြည်ပသို့တင်ပို့ရေးအတွက် ၁၉၉၉ ခုနှစ်မှစ၍ လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်။ ဆီအုန်းစိုက်ပျိုးမှုသည် စိုက်ပျိုးသူနှင့် တိုင်းပြည်အတွက်ပါ ရေရှည်အကျိုးအမြတ် ဖြစ်ထွန်းစေမည့် လုပ်ငန်းဖြစ်ရာ ယခုထက်ပိုမိုကြိုးပမ်းလုပ်ကိုင်ပါက မကြာမီကာလအတွင်း တနင်္သာရီတိုင်းသည် နိုင်ငံတော်၏ ဆီအိုးကြီးအဖြစ်ရပ်တည်လာနိုင်မည် ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်အတွက် ရေရှည်အကျိုးစီးပွားဖြစ်ထွန်းမည့် နှစ်ရှည်ပင်စိုက်ပျိုးရေး လုပ်ငန်းများရည်မှန်းချက်အတိုင်း အောင်မြင်ဖြစ်ထွန်းစေရေးအတွက် တိုင်းရင်းသားလုပ်ငန်းရှင်များက မိမိတို့၏ ကုန်ထုတ်လုပ်ငန်းများတိုးတက်အောင် မိမိတို့ရင်းနှီးလုပ်ကိုင်နေသော စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်စေရန် အားမာန်အပြည့်ဖြင့် အားထုတ်လုပ်ကိုင်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပျဉ်းမနား–မြို့ဟောင်း ဒွေးလမ်းရထားလမ်းဖောက်လုပ်မှု ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ကြည့်ရှုစစ်ဆေးမှာကြား

ရန်ကုန် စက်တင်ဘာ ၁၇

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် ဒုတိယဝန်ကြီး ဦးဖေသန်းလိုက်ပါ၍ စက်တင်ဘာ ၁၃ ရက် မွန်းလွဲပိုင်းက ကျောက်ဆည်ဘူတာသို့ရောက်ရှိရာ ပျဉ်းမနား–မြို့ဟောင်း ဒွေးလမ်း ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း မြို့ဟောင်း–ကျောက်ဆည်အပိုင်း စီမံကိန်းအင်ဂျင်နီယာ ဦးကျော်ဝေက ဒွေးလမ်းရထားလမ်းဖောက်လုပ်မှုနှင့် လိုအပ်ချက်များကို တင်ပြသည်။

ဝန်ကြီးက ဒွေးလမ်းရထားလမ်းဖောက်လုပ်ခြင်းကို အမြန်ပြီးစီးရန် မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးသည်။

ဂုဏ်ပြုငွေများပေးအပ်

ဆက်လက်၍ ဝန်ကြီးသည် ကျောက်ဆည် ဘူတာအတွင်းကြည့်ရှုစစ်ဆေး၍ ဘူတာဝန်းကျင် သန့်ရှင်းလှပရေး၊ ရထားများ ဆိုက်ရောက်ထွက်ခွာမှုအချိန်မှန်ကန်စေရေးတို့ကို မှာကြားပြီး အစုန်လမ်း/အဆန်လမ်း သွားလာနိုင်ရေး သံလမ်းခင်းခြင်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းအဖွဲ့များအား ဂုဏ်ပြုငွေများပေးအပ်သည်။

ဝန်ကြီးနှင့်အဖွဲ့သည် စက်တင်ဘာ ၁၄ ရက်နံနက်ပိုင်းတွင် ပျဉ်းမနားဘူတာသို့ ရောက်ရှိပြီး မြန်မာ့မီးရထားတိုင်း(၅)မှ တာဝန်ရှိသူများလိုက်ပါလျက် DRC(101) အထူးရထားငယ်ဖြင့် ထွက်ခွာရာ မိုင်တိုင် (၂၃၅/၉)နှင့် (၂၃၅/၁၀)အကြားတွင် မြေသားလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို လည်းကောင်း၊ မိုင်တိုင် (၂၅၃/၃)နှင့် (၂၅၃/၄)အကြားတွင် စက်ယန္တရား များအသုံးပြု၍ မြေသားလုပ်ငန်း ဆောင်ရွက်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေး၍ သတ်မှတ်ချက်အတိုင်း ဒွေးလမ်းစီမံကိန်း ပြီးစီးရေးမှာကြားသည်။

ဖြည့်စွက်တင်ပြ

ထိုမှဆက်လက်ထွက်ခွာရာ မိုင်တိုင် (၂၂၅/၁၅)နှင့် (၂၂၅/၁၆) အကြား တံတားအမှတ် (၃၉၃) ငလိုက်ချောင်းတံတားတည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိပြီး ယာယီရှင်းလင်းဆောင်၌ ပျဉ်းမနား–မြို့ဟောင်းဒွေးလမ်းရထားလမ်းဖောက်လုပ်ရေးစီမံကိန်း ပျဉ်းမနား–ရွှေမြို့အပိုင်း စီမံကိန်းအင် ဂျင်နီယာ ဦးသန်းငွေက ရန်ကုန်–မန္တလေး ရထားလမ်း အဆင့်မြှင့်တင်ရေးလုပ်ငန်း၊ ပျဉ်းမနား–ရွှေမြို့အပိုင်း ဒွေးလမ်းရထားလမ်းဖောက်လုပ်မှုလုပ်ငန်း၊ ငလိုက်ချောင်း တံတားတည်ဆောက်မှုလုပ်ငန်း အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီး ဦးဖေသန်းက ဖြည့်စွက်တင်ပြသည်။

ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက မြန်မာ့မီးရထားအနေဖြင့် ဆောင်ရွက်ဆဲစီမံကိန်း လုပ်ငန်းများကို ဝန်ထမ်းများအားလုံး တက်ညီလက်ညီကြိုးပမ်း ဆောင်ရွက်ရေးမှာကြားပြီး ငလိုက်ချောင်းတံတား တည်ဆောက်ရေး လုပ်ငန်းခွင်အတွင်း ဘိုးပိုင်တူးခြင်း၊သံချည်သံကွေး လုပ်ငန်း ဆောင်ရွက်ခြင်း၊ ကျောက်စုဆောင်းသန့်စင်ခြင်းတို့ကို ကြည့်ရှုစစ်ဆေးသည်။**(ဝဲပုံ)** ထိုမှ ဆက်လက်ထွက်ခွာရာ ပျဉ်းမနားဘူတာသို့ရောက်ရှိပြီး ဘူတာဝင်းအတွင်း ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၁၈–၉–၂၀၀၄

(စနေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဆရာတော် ဦးဃောသိတ တရားတော် **“အဂ္ဂဝစ္ဆသုတ်”**

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
၄း၂၀ ၄။ ချစ်သူစုံတွဲတူယှဉ်နွဲ့
၄း၃၀ ၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၃၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
၄း၄၅ ၇။ မျိုးချစ်တပ်မတော်
၅း၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် **ကံနှင့် ကံ၏အကျိုးဆက်** (အရှေ့တိုင်းပညာအထူးပြု–တတိယနှစ်)
၅း၃၀ ၉။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅း၄၅ ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၂။ နိုင်ငံတကာသတင်း
၆း၂၀ ၁၃။ မိုးလေဝသသတင်း
၆း၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၀ ၁၅။ မြန်မာ့ရှုခင်း
၆း၄၀ ၁၆။ လျှပ်တစ်ပြက်
၇း၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“မျက်ရည်မိုး”**(အပိုင်း–၂၇)
၈း၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၀။ လျှပ်တစ်ပြက်
၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၂။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“သိန်းငှက်သူရဲကောင်း”** (အပိုင်း–၅)

✳ ရှေ့ဖုံးမှ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီးဒေါ်မြမြစန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွဲ့၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်ဇနီးဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များနှင့် ၎င်းတို့၏ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့ ခေတ္တနာယက ဖိလစ်ပိုင်သမ္မတနိုင်ငံသံအမတ်ကြီး မဒမ်ဖိုဘီအေဂိုမက်ဇ်နှင့် ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံရုံးအကြီးအကဲများ၊ ကုလသမဂ္ဂ ဌာနေညှိနှိုင်းရေးမှူး၊ စင်ကာပူသမ္မတနိုင်ငံသံရုံးမှ သံရုံးယာယီတာဝန်ခံနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ပြန်လည်လိုက်ပါလာ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေတို့နှင့်အတူ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများနှင့် ဌာနဆိုင်ရာ အကြီးအကဲများလည်း ပြန်လည်လိုက်ပါလာကြသည်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့်အဖွဲ့ဝင်များ စင်ကာပူသမ္မတနိုင်ငံ ချစ်ကြည်ရေးခရီးမှ ပြန်လည်ရောက်ရှိလာသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေတို့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ကြိုဆိုနှုတ်ဆက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေတို့ စင်ကာပူသမ္မတနိုင်ငံ ချစ်ကြည်ရေးခရီးမှ ပြန်လည်ရောက်ရှိလာရာ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံရုံးအကြီးအကဲများ၊ ကုလသမဂ္ဂ ဌာနေညှိနှိုင်းရေးမှူးနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်စဉ်။

(သတင်းစဉ်)

တောင်တွင်းကြီးအထက(၁)စိန်ရတုသဘင်ပွဲတော်ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁၇

မကွေးတိုင်း တောင်တွင်းကြီးမြို့ တောင်ပြင်(၁)ရပ်ကွက် ပြည်လမ်းရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၏ စိန်ရတုသဘင်အထိမ်းအမှတ် အခမ်းအနားကို ၂၀၀၅ ခုနှစ် ဇွန်၁ရက်တွင် စိန်ရတု (၇၅)နှစ်ပြည့် အထိမ်းအမှတ် ကမ္ပည်းကျောက်စာတိုင် စိုက်ထူဖွင့်လှစ်ခြင်း၊ ပင့်သံဃာတော်၇၅ပါးတို့အား ဆွမ်းဆက်ကပ်ခြင်း၊၂၀၀၅ ခုနှစ် အောက်တိုဘာ ၁၅ ရက်နှင့် ၁၆ရက်တို့တွင် အာစရိယပူဇော်ပွဲ အထိမ်းအမှတ်ပြခန်းများ၊ ပျော်ပွဲရွှင်ပွဲများ၊ ညပိုင်းဖျော်ဖြေရေးအစီအစဉ်များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

စိန်ရတုအထိမ်းအမှတ်လုပ်ငန်းများအတွက် လည်းကောင်း၊ အာစရိယပူဇော်ပွဲအတွက် လည်းကောင်း အလှူငွေများ ထည့်ဝင်လှူဒါန်းလိုကြသည့် ကျောင်းသား ကျောင်းသူဟောင်းများသည် ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ကျောင်းအုပ်ဆရာကြီး ဦးလှရှိန် ဖုန်း–၀၆၃–၅၀၃၂၂၊ ဒုတိယဥက္ကဋ္ဌဦးမြသီး (မြသရဖူစတိုး) ဖုန်း–၀၆၃–၅၀၂၁၅၊ ဦးလှရွှေ (ကုန်သည်ကြီးများအသင်း ဥက္ကဋ္ဌ)ဖုန်း–၀၆၃–၅၀၂၄၀၊ ဦးဌေးနိုင် (ပုလဲစာပေ) ဖုန်း–၀၆၃–၅၀၁၄၄ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တရားဟောကြားမည်

ရန်ကုန် စက်တင်ဘာ ၁၇

ရန်ကုန်တိုင်း လှိုင်မြို့နယ် လှိုင်မဟာစည်ရိပ်သာ၌ စက်တင်ဘာ ၂၁ ရက် (အင်္ဂါနေ့) မွန်းလွဲ ၁၂ နာရီခွဲတွင် လှိုင်မဟာစည်ဆရာတော်ဘဒ္ဒန္တစန္ဒဝရ အရှင်သူမြတ်ကလည်းကောင်း၊ညနေ၃ နာရီတွင်နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ပဲခူးတိုင်း ပြည်မြို့ ဇောတိကာရုံ ပါဠိတက္ကသိုလ်ကျောင်းတိုက် ဦးစီးပဓာန နာယက ဆရာတော် ဘဒ္ဒန္တ ကုဏ္ဍလဇောတိ (အဂ္ဂမဟာပဏ္ဍိတ၊အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) အရှင်သူမြတ်ကလည်းကောင်း ဗိုလ်တထောင် ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော်ရင်ပြင်ရှိဆိပ်ကမ်းလုပ်သားပေါင်းစုံ ဓမ္မာရုံကြီး၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားတော်မူမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အထူးအယူခံခုံရုံး ရုံးထိုင်ကြားနာ

ရန်ကုန် စက်တင်ဘာ ၁၇

တရားရုံးချုပ် ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုး၊ တရားရုံးချုပ် တရားသူကြီးများဖြစ်ကြသော ဦးမြင့်သိန်းနှင့် ဦးတင်အေးတို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၁၀နာရီတွင် တရားရုံးချုပ်(ရန်ကုန်) ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍ ၂၀၀၀ ပြည့်နှစ်၊ တရားစီရင်ရေး ဥပဒေပုဒ်မ ၇ အရ တင်သွင်းသည့် ပြစ်မှုဆိုင်ရာ အထူးအယူခံမှု သုံးမှုကို ရုံးထိုင်ကြားနာကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၁၈–၉–၂၀၀၄ (စနေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီးဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ မင်းကွန်း ဆရာတော်ဘုရားကြီး ထေရုပ္ပတ္တိမော်ကွန်း “ပဥ္စမဆယ်စုနှစ်” (အပိုင်း–၃)
၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၈း၀၀ ၆။ အတီးပြိုင်ပွဲ
၈း၁၅ ၇။ ပိုင်ကျုံရေထိန်းတံခါး
၈း၃၀ ၈။ International News
၈း၄၅ ၉။ Grammar Made Easy
၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
၁၁း၃၀ ၃။ ပြည်တွင်းသတင်း
၁၁း၄၀ ၄။ ချစ်စရာ့အရွယ် ကစားကြမယ်
၁၂း၀၅ ၅။ တစ်ပတ်အတွင်း ရုပ်မြင်သံကြားပြည်တွင်းသတင်းစဉ်
၁၃း၁၅ ၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **“သစ္စာချစ်ပန်း”** (အပိုင်း–၂၇)
၁၃း၅၀ ၇။ ဆင်ဖြူရှင်တံတား
၁၄း၀၀ ၈။ **“တန်ဖိုးထဲကလူ”** (ဇော်ဦး၊ ညီညီတာ၊ မြင့်မြင့်ခိုင်၊ မြသဥ္ဇာလီ) ဒါရိုက်တာ–သက်တင်
၁၄း၃၅ ၉။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၄း၄၅ ၁၀။ International News
၁၅း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၆း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀ ၃။ English for Everyday Use.
၁၆း၄၅ ၄။ တေးဂီတအစီအစဉ်
၁၇း၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
၁၇း၁၅ ၆။ နားဝင်ပီယံသူ့လက်သံ
၁၇း၂၅ ၇။ ၂၀၀၄ ခုနှစ် ဒွါဒသမအကြိမ် (၁၂ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် ဓမ္မပူဇာတေး(ပညာရှင်အဆင့်) (အမျိုးသား)
၁၇း၄၅ ၈။ မြန်မာစာ၊မြန်မာစကား
၁၇း၅၅ ၉။ တေးဂီတအစီအစဉ်
၁၈း၀၅ ၁၀။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၈း၃၀ ၁၁။ ညနေခင်းသတင်း
၁၉း၀၀ ၁၂။ မိုးလေဝသအခြေအနေ
၁၉း၀၅ ၁၃။ Discovery
၁၉း၁၅ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **“ချစ်ကြိုးသွယ်တဲ့လင်းပိုင်ငယ်”** (အပိုင်း–၁၅)
၁၉း၃၅ ၁၅။ တေးဂီတအစီအစဉ်
၁၉း၄၅ ၁၆။ ကျေးလက်ဒေသတစ်ခွင် အလှဆင်
၂၀း၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **“နှလုံးသားထဲက တစ်ခုတည်းသောအချစ်”** (အပိုင်း–၂၅) (ဇာတ်သိမ်းပိုင်း)
၂၁။ နောက်တစ်နေ့အစီအစဉ်
၂၂။ အစီအစဉ်ပြီး၏။

လျှပ်စစ်ဓာတ်အား ခြိုးခြံချွေတာရေး

✳ သဘာဝအလင်းရောင်ကိုသာ အဓိကထားသုံးစွဲပါ။

✳ သဘာဝအလင်းရောင် မလုံလောက်မှသာ အနည်းဆုံးလိုအပ်သော လျှပ်စစ်ဓာတ်အားကိုသုံးစွဲပါ။

✳ ကုန်ထုတ်လုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင်လည်း လိုအပ်သည့် အနည်းဆုံးဓာတ်အားကိုသာ သုံးစွဲပါ။

✳ ဓာတ်အားအလေအလွင့်နှင့် ပြုန်းတီးမှုမရှိအောင် သုံးစွဲခြင်းဖြင့် မိမိနှင့် အများအတွက်ပါ အကျိုးရှိစေနိုင်ပါသည်။

ရန်ကုန်မြို့တွင် လျှပ်စစ်ဓာတ်အားသုံးစွဲသူအိမ်ထောင်စု ၅သိန်းခန့်ရှိသည်။ လျှပ်စစ်ဓာတ်အား သုံးစွဲသူတိုင်းက ၄ပေမီးချောင်း တစ်ချောင်းစီ ချွေတာသုံးစွဲခြင်းဖြင့် မဂ္ဂါဝပ်၂၀ ရှိသည့် ဓာတ်အားပေးစက်ရုံတစ်ရုံ တည်ဆောက်ပေးသည်နှင့်ညီမျှသည်။

အီရတ်တိုက်ခိုက်ရေးသမားတို့ ကန်တပ်ဖွဲ့ဝင်များအားတိုက်ခိုက်မှု
ခေတ်မီဆန်းပြားလာပြီး ပစ်မှတ်များကို ပိုမိုထိမှန်လာခဲ့

ဘဂ္ဂဒက် စက်တင်ဘာ ၁၆

အီရတ်နိုင်ငံတွင် ခုခံတိုက်ခိုက်ရေးပြောက်ကျားများ၏ တိုက်ခိုက်မှုများသည် ခေတ်မီဆန်းပြားလာခဲ့ကြောင်း၊ ၎င်းတို့၏ပစ်မှတ်များကို တိုက်ခိုက်ရာတွင် ပိုမိုထိမှန်လာခဲ့ကြောင်း၊ ညှိနှိုင်းဆောင်ရွက်မှုများရှိလာခဲ့ပြီး ရှုပ်ထွေးသော ချုံခိုတိုက်ခိုက်မှုများကို လုပ်ဆောင်လာခဲ့ကြကြောင်း တာဝန်ရှိသူများနှင့် စူးစမ်းလေ့လာသူများက ဗုဒ္ဓဟူးနေ့၌ပြောကြားသည်။

အမေရိကန်တို့နှင့် ယင်း၏အပေါင်းပါ အီရတ်တို့သည် ထင်သည်ထက်ပိုများသော ရန်သူအနေအထားနှင့် ရင်ဆိုင်နေကြရကြောင်း၊ ခုခံတိုက်ခိုက်ရေးသမားများသည် ယခင်က ၎င်းတို့၏အမှားများကို သင်ခန်းစာယူပြီး နည်းဗျူဟာကို ပြောင်းလဲခဲ့ကြကြောင်း၊ တစ်ဦးနှင့်တစ်ဦး ပိုမို၍အနီးကပ်ပူးပေါင်းလုပ်ကိုင်လာကြကြောင်း စူးစမ်းလေ့လာသူများက ပြောဆိုကြသည်။

တိုက်ခိုက်

ခုခံတိုက်ခိုက်ရေး ပြောက်ကျားများသည် ယခုအခါ ထွက်မပြေးကြတော့ဘဲ ဒုံးပစ်လောင်ချာ အမြောက်အမြား၊ လမ်းဘေးဗုံးများဖြင့် တိုက်ခိုက်မှုများကို ပြုလုပ်လာကြသည့်အပြင် မြေမြုပ်မိုင်းများချထားသောနေရာသို့ အမေရိကန်တပ်ဖွဲ့ဝင်များထွက်လာအောင် စိန်ပြောင်းကျည်များပစ်ခတ်ပြီး ခေါ်ထုတ်ခဲ့သည့် နည်းဗျူဟာများကိုသုံးလာကြကြောင်း စစ်ဘက်တပ်မှူးများက ပြောကြားသည်။

သေဆုံး

ဥပမာအားဖြင့် ဖွန်လ၌ ဆာမာရာမြို့တွင် ခုခံတိုက်ခိုက်ရေး ပြောက်ကျားတို့က ကားဗုံးတစ်လုံး ဖောက်ခွဲခဲ့ ပြီးနောက် စစ်ဌာနချုပ်ကို အပြင်းအထန်တိုက်ခိုက်ခဲ့သဖြင့် အမေရိကန် တပ်ဖွဲ့ဝင်ငါးဦး သေဆုံးခဲ့ရသည်။ ဘဂ္ဂဒက်၌ အင်္ဂါနေ့က ကားဗုံးဖောက်ခွဲခဲ့ခြင်းကြောင့် လူ ၄၇ဦးထက်မနည်း သေဆုံးခဲ့ရာ အဓိကအားဖြင့် ရဲတပ်ဖွဲ့ဝင်သစ်များကို ပစ်မှတ်ထားခြင်းဖြစ်သည်ဟု ဆိုသည်။

(အင်တာနက်)



တာလ်အာဖာမြို့တွင်အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အီရတ်ပြောက်ကျားတို့ တိုက်ပွဲဖြစ်ပွားရာ ဒုံးကျည်ထိမှန်မှုကြောင့် ပျက်စီးသွားသောအိမ် တစ်လုံးကို စက်တင်ဘာ ၁၆ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

လုံခြုံရေးကိုလုံလောက် ထိရောက်စွာမဆောင်ရွက်နိုင်မှု
ကန်တို့အား အီရတ်ပြည်သူများဒေါသထွက်အပြစ်တင်

ဘဂ္ဂဒက် စက်တင်ဘာ ၁၅

အီရတ်နိုင်ငံ၌ ယမန်နေ့သည် သွေးစွန်းခဲ့ရသည့်နေ့တစ်နေ့ ဖြစ်ခဲ့ရပြန်သည်။ ယခုကဲ့သို့ ဝမ်းနည်းကြေကွဲဖွယ်ရာ ဖြစ်ပွားခဲ့ရမှုအတွက် အီရတ်ပြည်သူများက လုံခြုံရေးကို လုံလောက်ထိရောက်စွာ မဆောင်ရွက်ပေးနိုင်သည့် အမေရိကန်တို့ကို အလွန်ဒေါသထွက် အပြစ်တင်လျက်ရှိကြကြောင်း သိရသည်။

ဘဂ္ဂဒက်မြို့လယ် အီရတ်ရဲစခန်းကို ပစ်မှတ်ထား ကားဗုံးဖောက်ခွဲ တိုက်ခိုက်ခဲ့မှုတွင် သေဆုံးသူ ၅၀ထိရှိသွားပြီဖြစ်ပြီး ၁၀၀ကျော် ဒဏ်ရာရရှိခဲ့သည်။ ဖြစ်ပွားရာနေရာမှာ လူစည်ကားရာနေရာဖြစ်သကဲ့သို့ ပေါက်ကွဲမှုမှာလည်း အလွန်ပြင်းထန်ခဲ့သည်။

အနီး၌ရှိသူ အီရတ်ပြည်သူအချို့က ဖောက်ခွဲတိုက်ခိုက်မှုသည် အသေခံကားဗုံးဖောက်ခွဲမှု မဟုတ်ဘဲ အမေရိကန်တို့၏ ဒုံးကျည်နှင့် ပစ်ခတ်မှုဖြစ်ကြောင်း၊ ပေါက်ကွဲမှုမဖြစ်ပွားမီက အမေရိကန် အပါချီ ရဟတ်ယာဉ်ပျံသန်းမှုကို အသေအချာ မြင်တွေ့ခဲ့ကြောင်းဖြင့် ပြောကြားလျက်ရှိကြပြီး အမေရိကန်တို့ကို ဒေါသထွက်လျက် ရှိကြသည်။

ဆေးရုံသို့ ရောက်ရှိနေသည့် ဒဏ်ရာရရှိသူများကလည်း ကားဗုံးသို့မဟုတ် ဒုံးကျည်တိုက်ခိုက်မှုလည်း ဖြစ်နိုင်ကြောင်း ပြောကြားခဲ့ကြသည်။ လုံခြုံရေးအတွက် အမေရိကန်တို့တွင် တာဝန်ရှိကြောင်း အီရတ်တို့၏ ပြောကြားမှုနှင့်ပတ်သက်၍ အမေရိကန်တို့က တုံ့ပြန်ရာ၌ ၎င်းတို့အနေဖြင့် ဘဂ္ဂဒက်တစ်မြို့လုံးကို မကာကွယ်နိုင်ကြောင်း ပြန်လည်ပြောကြားခဲ့သည်။ သို့သော်လည်း အမေရိကန်တို့ ကာကွယ်ထိန်းသိမ်းလျက်ရှိသောနေရာများသည် ပိုမိုပစ်မှတ်ထားတိုက်ခိုက်ခြင်းကို ခံနေရလျက်ရှိသည်။ ဤအတောအတွင်း တီကရစ် မြို့အနီး ရေနံပိုက်လိုင်းကိုလည်း တိုက်ခိုက်ခြင်းခံရသည်။ **(စီအင်န်အင်န်)**

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

ပြီးခဲ့သောဩဂုတ်လအတွင်း အီရတ်၌ကူးစက်ရောဂါများဖြစ်ပွား

ဘဂ္ဂဒက် စက်တင်ဘာ ၁၆

ပြီးခဲ့သည့် ဩဂုတ်လအတွင်း အီရတ်၌ ကူးစက်ရောဂါဖြစ်ပွားမှုများရှိခဲ့သည်ဟု ကူးစက်ရောဂါ ထိန်းချုပ်ရေးဌာနက ကြေညာကြောင်း ဘဂ္ဂဒက်သတင်းစာက ကြာသပတေးနေ့၌ ဖော်ပြသည်။

သုံးမျိုးခွဲထား

ကူးစက်ရောဂါမှာ ကူးစက်မှုပုံစံကိုလိုက်၍ သုံးမျိုးခွဲထားကြောင်း သတင်းရပ်ကွက်တစ်ခုအား ကိုးကားကာ သတင်းစာက ဖော်ပြသည်။

ရေမှကူးစက်

ကူးစက်ရောဂါသည် ပထမအမျိုးအစားမှာ ရေမှတစ်ဆင့်ကူးစက်သည့် အမျိုးအစားဖြစ်ပြီး ရေမှကူးစက်ခြင်းသည် အန္တရာယ်အရှိဆုံး ကူးစက်သည့်ရောဂါဖြစ်သည်။ ဒုတိယကူးစက်သည့် ရောဂါအမျိုးအစားပုံစံများတွင် ခြင်ကောင်ကဲ့သို့ ပိုးမွှားမှကူးစက်သည့် ရောဂါအမျိုးအစားပုံစံဖြစ်ပြီး တတိယမှာ အသက်ရှုမှုစနစ်မှတစ်ဆင့် ရောဂါကူးစက်ခြင်း ဖြစ်သည်။

ဖြစ်ပွား

ထို့ပြင် အီရတ်၌ ယခင်က မဖြစ်ပေါ်ခဲ့ဖူးသောရောဂါအမျိုးအစားသစ်များလည်း ဖြစ်ပွားနေသည်ဟု ဆိုသည်။

အမ်အင်အေ၊ ဆင်ဟွာ

စောင့်ကြပ်



နာဂျက်ဖ်မြို့တွင် စစ်ယာဉ်တစ်စီးနှင့် ကင်းလှည့်စောင့်ကြပ်နေသော အမေရိကန်တပ်ဖွဲ့ဝင် တစ်ဦးကို စက်တင်ဘာ ၁၆ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ကနေဒါနိုင်ငံသားနှစ်ဦး အီရတ်တွင်သေဆုံး

အော့တဝါ စက်တင်ဘာ ၁၆

ယခုသီတင်းပတ်အတွင်း အီရတ်တွင်ဖြစ်ပွားခဲ့သည့် တိုက်ခိုက်မှုတွင် ကနေဒါနိုင်ငံသားနှစ်ဦးသေဆုံးခဲ့ကြောင်း၊ သို့ရာတွင် ၎င်းတို့သေဆုံးရသည့်အကြောင်းမှာ ရှင်းရှင်းလင်းလင်းမရှိကြောင်း နိုင်ငံခြားရေးရာဌာနက ဗုဒ္ဓဟူးနေ့၌ ပြောကြားသည်။

သေဆုံးသူတစ်ဦးမှာ မူနီယာတိုမာ ဖြစ်ကြောင်း နိုင်ငံခြားရေးဌာနက ပြောကြားသော်လည်း ၎င်းနှင့်ပတ်သက်သည့် အကြောင်းအရာ အသေးစိတ်ကို ပြောကြားခြင်း မပြုဘဲထားသည်။

ပြောကြား

ဒုတိယ သေဆုံးသူမှာ အီရတ်၌ စီးပွားရေးလုပ်ကိုင်နေသူဖြစ်ကြောင်း၊ အင်္ဂါနေ့၌ ဗုံးခွဲတိုက်ခိုက်မှု၌ ဒဏ်ရာရခဲ့သော်လည်း နောက်ပိုင်း၌ ဆေးရုံတွင် သေဆုံးခဲ့ကြောင်း၊ ၎င်းမှာ အင်ဒရူးရှမာကော့ဖ်ဖြစ်ကြောင်း နိုင်ငံခြားရေးဌာန ပြောခွင့်ရှိသူက ပြောကြားသည်။

နိုင်ငံခြားရေးဌာနက အစောပိုင်း၌ ထိုသေဆုံးသူ ကနေဒါနိုင်ငံသားနှစ်ဦးသည် အင်္ဂါနေ့၌ ဘဂ္ဂဒက်တွင် ဗုံးခွဲတိုက်ခိုက်မှု၌ သေဆုံးသူ ၄၇ဦးတွင် ပါဝင်ခဲ့ကြောင်း ပြောကြားခဲ့သည်။

သံရုံးမရှိ

အီရတ်နိုင်ငံ၌ ကနေဒါသံရုံးမရှိခြင်းကြောင့် နိုင်ငံခြားရေးဌာနအနေဖြင့် အီရတ်ရှိကနေဒါနိုင်ငံသားများကို ကူညီရန်နည်းလမ်းအနည်းငယ်သာရှိသည်။ အီရတ်ကို အမေရိကန်နှင့် အပေါင်းပါများကျူးကျော်တိုက်ခိုက်ခဲ့ချိန်မှစပြီး အီရတ်၌ သေဆုံးသော ကနေဒါနိုင်ငံသား ခြောက်ဦးထက်မနည်း ရှိခဲ့ပြီဖြစ်သည်။

(အင်တာနက်)

(၅၉)ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံဖွင့်လှစ် ညီလာခံဥက္ကဋ္ဌအဖြစ် ဂါဘွန်နိုင်ငံခြားရေးဝန်ကြီးအားရွေးချယ်

ကုလသမဂ္ဂ စက်တင်ဘာ ၁၅

(၅၉)ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံကို အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့တွင် ကျင်းပလျက်ရှိသည်။ အခမ်းအနားဖွင့်ပွဲကို အင်္ဂါနေ့က ပြုလုပ်ခဲ့ပြီး လုံခြုံရေးကောင်စီ၏ အဖွဲ့ဝင်နိုင်ငံများတိုးချဲ့ရေးအပါအဝင် ရှေ့ဆက်ပြုလုပ်မည့် ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်ရန် ဥက္ကဋ္ဌအသစ်က အာမခံခဲ့သည်။

ရွေးချယ်

ဂါဘွန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ပင်သည် ကုလသမဂ္ဂအထွေထွေညီလာခံကြီး၏ ဥက္ကဋ္ဌအဖြစ် တစ်နှစ်ကြာထမ်းဆောင်ရန် ရွေးချယ်ခြင်းခံရပြီး ၎င်းရာထူးကိုလက်ခံသည့် မိန့်ခွန်းတွင် ကုလသမဂ္ဂလုပ်ငန်းဆောင်တာများ အောင်မြင်မှုများသည် လုံခြုံရေးကောင်စီကို ပြန်လည်ဖွဲ့စည်းရန် ကုလသမဂ္ဂ၏ ဆုံးဖြတ်မှုအပေါ်မူတည်ကြောင်း မစ္စတာပင်က ပြောကြားခဲ့သည်။ ယခုအခါ ကုလသမဂ္ဂအဖွဲ့ဝင်များသည် လုံခြုံရေးကောင်စီတွင် ဂျပန်ကဲ့သို့သော ထင်ရှားသည့် နိုင်ငံများ ထပ်မံပါဝင်ရေး အကြံပြုချက်ကို ထောက်ခံကြောင်း သိရသည်။ **(အင်န်အိပ်ချ်ကေ)**

နိုင်ငံတော်ဝန်ကြီးချုပ်၊ ဇနီးနှင့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား စင်ကာပူသမ္မတနိုင်ငံဝန်ကြီးချုပ်နှင့် ဇနီးတို့က ဂုဏ်ပြုညစာတည်ခင်းဧည့်ခံ

ရန်ကုန် စက်တင်ဘာ ၁၇

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များအား စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာလီရှန်းလွန်းနှင့် ဇနီး Mrs.Lee Hsien Loong တို့က စက်တင်ဘာ ၁၃ရက် ည၇နာရီခွဲတွင် စင်ကာပူမြို့ရှိ သမ္မတအိမ်တော် အစ္စတာနာ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ဂုဏ်ပြုညစာစားပွဲတက်ရောက်

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေတို့နှင့်အတူ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှထွန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်နှင့် ဇနီး ဒေါ်စံယုံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၊ စင်ကာပူသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးလှသန်းနှင့် ဇနီး ဒေါ်ခင်အေးမြင့်၊ ဝန်ကြီးချုပ်ရုံးညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထွန်းတို့ တက်ရောက်ကြပြီး စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ်နှင့် ဇနီးတို့နှင့်အတူ စင်ကာပူသမ္မတနိုင်ငံမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီးနှင့် ဇနီးနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်၊ ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များအား စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာလီရှန်းလွန်းနှင့်ဇနီးတို့က စင်ကာပူမြို့ သမ္မတအိမ်တော် အစ္စတာနာ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာလီရှန်းလွန်းနှင့်ဇနီး တို့က တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲတွင် စင်ကာပူသမ္မတ နိုင်ငံမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီး များအား နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ကြိုဆိုနှုတ်ဆက်

ရှေးဦးစွာ ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေတို့အား စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာလီရှန်းလွန်းနှင့် ဇနီးတို့က လှိုက်လှဲခင်မင်စွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေတို့အား စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာလီရှန်းလွန်းနှင့် ဇနီးတို့က ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသည့် စင်ကာပူသမ္မတနိုင်ငံမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများနှင့် မိတ်ဆက်ပေးကြသည်။

ပြန်လည်မိတ်ဆက်

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေတို့ကလည်း စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာလီရှန်းလွန်းနှင့် ဇနီးတို့အား မိမိတို့နှင့်အတူ အဖွဲ့ဝင်အဖြစ် လိုက်ပါလာကြသူများနှင့် ပြန်လည်မိတ်ဆက်ပေးကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များအား စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာလီရှန်းလွန်းနှင့် ဇနီးတို့က ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံကြသည်။ **(သတင်းစဉ်)**

ကိုရီးယားသတင်းပြန်ကြားရေးကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့တွင်းလှည့်လည်ကြည့်ရှုလေ့လာ

ရန်ကုန် စက်တင်ဘာ ၁၇

အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ကိုရီးယားသမ္မတနိုင်ငံတို့ အကြား သတင်းပြန်ကြားရေးဆိုင်ရာ ကိုယ်စားလှယ်အဖွဲ့များ အပြန်အလှန်လေ့လာရေးအစီအစဉ်အရ ကိုရီးယားသမ္မတနိုင်ငံ The Kyung Hyang Daily News မှ Journalist, Mr. Kim Jin Ho ခေါင်းဆောင်သော အဖွဲ့ဝင် ၁၂ဦးပါ သတင်းပြန်ကြားရေး ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၉နာရီ ၅မိနစ်တွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့်ရောက်ရှိလာရာ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ညွှန်ကြားရေးမှူး(သတင်း) ဦးဝင်းတင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန အာဆီယံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမြင့်စိုး၊ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံရုံးမှ သံမှူး Mr.Park Joon-yongနှင့် တာဝန်ရှိသူများက ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ကိုရီးယားသမ္မတနိုင်ငံမှ Mr. Kim Jin Ho ခေါင်းဆောင်သော သတင်းပြန်ကြားရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံသံရုံးမှသံမှူးနှင့် တာဝန်ရှိသူများလိုက်ပါလျက် နံနက် ၁၁နာရီခွဲတွင် အမျိုးသားပြတိုက်သို့ ရောက်ရှိရာ တာဝန်ရှိသူများက ကြိုဆိုကြပြီး အမျိုးသားပြတိုက်ရှိ မြန်မာအက္ခရာနှင့် လက်ရေးမူပြခန်း၊ သီဟာသနပလ္လင်ပြခန်း၊ ရတနာပုံခေတ်ပြခန်း၊ မင်းခမ်းတော်ပစ္စည်းများပြခန်းနှင့် မြန်မာ့ဝါဂီနစ်ပြခန်းများအတွင်း ပြသထားမှုများကို အမျိုးသားပြတိုက်မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဌေးမြင့်က လိုက်လံရှင်းလင်းပြသသည်။

ထို့နောက် ကိုရီးယားသမ္မတနိုင်ငံမှ သတင်းပြန်ကြားရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် မွန်းလွဲ၂နာရီတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုကြပြီး အစည်းအဝေးခန်းမ၌ ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေးက မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ သမိုင်းကြောင်း၊ ထုတ်လွှင့်မှု လုပ်ငန်းများဆိုင်ရာများနှင့် MRTV (3) ထုတ်လွှင့်မှုလုပ်ငန်းများ အကြောင်းကို ပရိဂျက်တာဖြင့် ရှင်းလင်းပြောကြားသည်။

ရှင်းလင်းပြောကြား

ယင်းနောက် ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ညနေ ၃နာရီခွဲတွင် ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး အဆောက်အအုံ MICT Park သို့ ရောက်ရှိရာ တာဝန်ရှိသူများက ကြိုဆိုကြပြီး အထွေထွေမန်နေဂျာ ဦးသောင်းညွန့်နှင့် မြန်မာကွန်ပျူတာအသင်းချုပ် ဒုတိယညွှန်ကြားရေးမှူး ဒေါ်နီလာအေးတို့က အစည်းအဝေးခန်းမ၌ MICT Park တည်ဆောက်ဖွင့်လှစ်သည့် ရည်ရွယ်ချက်၊ အဆောက်အအုံကို ဖွဲ့စည်းတည်ဆောက်ထားပုံ၊ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းစဉ်များ၊ ဖွင့်လှစ်လျက်ရှိသော သင်တန်းများ၊ ဆက်လက်ဆောင်ရွက်လျက်ရှိသော လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ **(သတင်းစဉ်)**

အရိုးအထူးကုဆရာဝန်များအတွက် အဆင့်မြင့်မွမ်းမံသင်တန်းကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁၇

မြန်မာနိုင်ငံဆရာဝန်အသင်း အရိုးရောဂါကုအဖွဲ့၏ ဦးဆောင်စီစဉ်မှုဖြင့် အရိုးရောဂါအထူးကုဆရာဝန်များအတွက် အဆင့်မြင့်မွမ်းမံသင်တန်းကို Advanced Refresher Course on Osteoarthritis of Knee Joint ခေါင်းစဉ်ဖြင့် စက်တင်ဘာ ၂၂ရက်တွင် လည်းကောင်း၊ AEOA အရိုးရောဂါပညာ နိုင်ငံတကာအဖွဲ့အစည်းနှင့်ပူးပေါင်း၍ AO Seminar in Myanmar ကို စက်တင်ဘာ၂၃ရက်တွင် လည်းကောင်း၊ မြန်မာနိုင်ငံဆရာဝန်အသင်း (ဗဟို) ရန်ကုန်မြို့ သိမ်ဖြူလမ်းခန်းမဆောင်(အေ)တွင် နံနက် ၈နာရီမှစတင်၍ ကျင်းပသွားရန် စီစဉ်ထားသည်။

အထက်မြန်မာနိုင်ငံအတွက် AO Seminar in Myanmar ကို မန္တလေးဆရာဝန်အသင်းခန်းမ၌ စက်တင်ဘာ ၂၄ရက်တွင် ကျင်းပရန် စီစဉ်ထားပြီးဖြစ်ရာ တစ်နိုင်ငံလုံးရှိ အရိုးအထူးကုဆရာဝန်များအားလုံး စုံညီစွာ တက်ရောက်နိုင်ရေးအတွက် အရိုးရောဂါပညာအဖွဲ့က အကြောင်းကြားထားသည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် စင်ကာပူဝါရင့်ဝန်ကြီး မစ္စတာဂိုချောက်တောင်နှင့်တွေ့ဆုံ

ရန်ကုန် စက်တင်ဘာ ၁၇

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် စင်ကာပူသမ္မတနိုင်ငံ ဝါရင့်ဝန်ကြီး မစ္စတာဂိုချောက်တောင်နှင့် စက်တင်ဘာ ၁၃ရက် ညနေ ၃နာရီတွင် စင်ကာပူမြို့ရှိ သမ္မတအိမ်တော် အစ္စတာနာ၌တွေ့ဆုံသည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊ ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၊ စင်ကာပူသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးလှသန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်နှင့် နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထွန်းတို့ တက်ရောက်ကြပြီး ဝါရင့်ဝန်ကြီး မစ္စတာဂိုချောက်တောင်နှင့်အတူ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E .Mr. Heng Chee How၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Simon Tensing de Cruz၊ ဝါရင့်ဝန်ကြီး မစ္စတာဂိုချောက်တောင်၏ Principal Private Secretary, H.E.˚Mr . Albert Chua နှင့် Press Secretary, Mr. Stanley Loh တို့ တက်ရောက်ကြသည်။

အားရကျေနပ်

ထိုသို့တွေ့ဆုံရာ၌ နှစ်နိုင်ငံခေါင်းဆောင်များသည် အကျိုးတူကိစ္စရပ်များအပေါ် ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့ကြပြီး နှစ်နိုင်ငံခေါင်းဆောင်များက မြန်မာ-စင်ကာပူ ဆက်ဆံရေးအခြေအနေနှင့်ပတ်သက်၍ များစွာအားရကျေနပ်မိကြောင်း၊ ထိုကဲ့သို့ ဆက်ဆံရေးတိုးတက်လာမှုသည် နှစ်နိုင်ငံပြည်သူများ၏အကျိုးစီးပွားနှင့်ကိုက်ညီကြောင်းသုံးသပ်ယူဆကြသည်။

ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေး

ထို့အပြင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်စင်ကာပူသမ္မတနိုင်ငံ ဝါရင့်ဝန်ကြီး မစ္စတာဂိုချောက်တောင်တို့သည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သည့်အတွေ့အကြုံများအပေါ် ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးခဲ့သည်ဟုသိရသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် စင်ကာပူသမ္မတနိုင်ငံ ဝါရင့်ဝန်ကြီး မစ္စတာဂိုချောက်တောင်တို့ စင်ကာပူမြို့ သမ္မတအိမ်တော် အစ္စတာနာဧည့်ခန်းမ၌ ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် စင်ကာပူမြို့ သမ္မတအိမ်တော် အစ္စတာနာဧည့်ခန်းမ၌ စင်ကာပူသမ္မတနိုင်ငံ ဝါရင့်ဝန်ကြီး မစ္စတာဂိုချောက်တောင်နှင့် တွေ့ဆုံဆွေးနွေးစဉ်။ (သတင်းစဉ်)

မသန်စွမ်းသက်ကြီးသင်တန်းကျောင်း အသက်မွေးမှုပညာရပ်များသင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၇

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန မသန်စွမ်းသက်ကြီး သင်တန်းကျောင်း၏ ၂၀၀၄-၂၀၀၅ ပညာသင်နှစ် အသက်မွေးမှုပညာရပ်များ သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မရမ်းကုန်းမြို့နယ် အမှတ်(၆၅) ကျိုက်ဝိုင်းဘုရားလမ်းရှိ အဆိုပါကျောင်း၌ကျင်းပရာ အခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စိန်ထွား၊ အထူးအရာရှိ ဗိုလ်မှူးချုပ်သူရစိန်သောင်း၊ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစစ်မြိုင်၊ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဦး၊ ကာကွယ်ရေးဝန်ကြီးဌာန ပြန်လည်နေရာချထားရေး ညွှန်ကြားရေးမှူးရုံးမှ ဦးစီးအရာရှိ (ပထမတန်း) ဒုတိယဗိုလ်မှူးကြီးအောင်ကြီးနှင့် တာဝန်ရှိသူများ၊ အလှူရှင်များ၊ သင်တန်းသားများ တက်ရောက်ကြသည်။

ရှေးဦးစွာ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စိန်ထွားက သင်တန်းဆင်းအမှာစကား ပြောကြားသည်။

ဆုများပေးအပ်

ထို့နောက် လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစစ်မြိုင်က သင်တန်းဆင်းလက်မှတ်များ ချီးမြှင့်ပြီး ကာကွယ်ရေးဝန်ကြီးဌာန ပြန်လည်နေရာချထားရေးညွှန်ကြားရေးမှူးရုံးမှ ဦးစီးအရာရှိ(ပထမတန်း)ဒုတိယဗိုလ်မှူးကြီးအောင်ကြီးက အသက်မွေးမှုပညာရပ်များဖြစ်သည့် စက်ချုပ်၊ ဓာတ်ပုံ၊ပိုးဇာပုံနှိပ်၊ဆံသနှင့်ကွန်ပျူတာ သင်တန်းများတွင် ထူးချွန်စွာအောင်မြင်ကြသူများအား ဆုများအသီးသီး ပေးအပ်ချီးမြှင့်သည်။

ဂုဏ်ပြုမှတ်တမ်းပေး

သင်တန်းဆင်းပွဲအပြီးတွင် အလှူငွေပေးအပ်ပွဲကို ဆက်လက်ကျင်းပရာ သန်မြန်သူလုပ်ငန်းစုမှ စားစရိတ်နှင့် သင်တန်းစရိတ်အတွက် လှူဒါန်းငွေ ၆၅၁၅၇၅ကျပ်၊ ကွန်ပျူတာပညာရှင် ဦးမောင်မောင်အေးက ဒီဂျစ်တယ်ကင်မရာနှင့် UPS တစ်လုံးအတွက် လှူဒါန်းငွေကျပ်သုံးသိန်းနှင့် လစန္ဒာပုံနှိပ်နှင့်စက္ကူလုပ်ငန်းမှ ဟာဂျီဦးခင်မောင်သန်းက ထူးချွန်ဆုများအတွက် လှူဒါန်းငွေကျပ်တစ်သိန်းတို့ကိုပေးအပ်လှူဒါန်းရာ ဝန်ကြီးဗိုလ်ချုပ်စိန်ထွားက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ **(သတင်းစဉ်)**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်အောင်သိန်းအား ကိုရီးယားသတင်းပြန်ကြားရေးဆိုင်ရာကိုယ်စားလှယ်အဖွဲ့တွေ့ဆုံနှုတ်ဆက်

ရန်ကုန် စက်တင်ဘာ ၁၇

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းအား အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့်ကိုရီးယားသမ္မတနိုင်ငံတို့အကြား သတင်းပြန်ကြားရေးဆိုင်ရာ ကိုယ်စားလှယ်အဖွဲ့များ အပြန်အလှန်လေ့လာရေးအစီအစဉ်အရ မြန်မာနိုင်ငံ၌ရောက်ရှိနေသော ကိုရီးယားသမ္မတနိုင်ငံ The Kyung Hyang Daily News မှ Journalist, Mr. Kim Jin Ho ခေါင်းဆောင်သော ကိုရီးယားသတင်းပြန်ကြားရေးဆိုင်ရာ ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေ ၅နာရီခွဲတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းသို့လာရောက်၍ တွေ့ဆုံနှုတ်ဆက်သည်။

တက်ရောက်

ထိုသို့တွေ့ဆုံနှုတ်ဆက်ရာတွင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်အောင်သိန်းနှင့်အတူ ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများ၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း အကြံပေးပုဂ္ဂိုလ်နှင့် ပြန်ကြားရေးဝန်ကြီးဌာန ရုံးအဖွဲ့မှူးတို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

စက်တင်ဘာ ၁၇ရက်က လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စိန်ထွား ပလုတ်တုတ် ကလေးပန်းချီပြိုင်ပွဲတွင်ဆုရရှိသည့် ရင်သွေးငယ်တစ်ဦးအား ဆုချီးမြှင့်စဉ်။ (လူမှုဝန်ထမ်း)

ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက်စာအုပ်များလှူဒါန်း

ရန်ကုန် စက်တင်ဘာ ၁၇

ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် စာအုပ်များလှူဒါန်းပွဲကို ယနေ့နံနက်၁၂နာရီက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(ရုံးချုပ်)တွင်ကျင်းပရာ ဦးကြည်ညွန့်(စာရေးဆရာ စစ်ကိုင်းကြည်ညွန့်)၊ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး(ငြိမ်း)၊ ဦးကျော်ငြိမ်း(ဦးဆောင်နာယက၊ အင်အားအားကစားဂျာနယ်)နှင့် ဦးခင်မောင်အုန်း(အင်အား အားကစားဂျာနယ်)တို့က ငွေကျပ် ၈၅၀၀၀၀တန်ဖိုးရှိ 'မြန်မာ့ဘောလုံးသမိုင်းကြောင်း(ပထမပိုင်း)' စာအုပ် ၄၀၀၊ 'ဒေးဗစ်ဘက်ခမ်း'အကြောင်း စာအုပ်၄၅၀ စုစုပေါင်းစာအုပ်၈၅၀ကို လှူဒါန်းကြရာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်က လက်ခံရယူသည်။ **(သတင်းစဉ်)**

ရွှေနံ့သာအရှင်ဉာဏောဘာသ (သန်လျင်) ပြည်ပသာသနာပြုခရီးထွက်ခွာ

ရန်ကုန် စက်တင်ဘာ ၁၇

ဂျပန်နိုင်ငံ ဖူကူရှီးမာတိုင်း နီဟွန်မာဆုရှိမြို့ ဇင်ကော်ဂျီကျောင်း မစ္စတာယာမာမိုတိုင်၏ ပင့်ဖိတ်ချက်အရ သန်လျင်မြို့ ရွှေနံ့သာပရိယတ္တိ မိုးကုတ်ဓမ္မရိပ်သာကျောင်းဆရာတော် မိုးကုတ်ကမ္မဋ္ဌာနာစရိယ နယ်လှည့်သာသနာပြုဓမ္မကထိက ရွှေနံ့သာအရှင်ဉာဏောဘာသ အရှင်သူမြတ်သည် ဩဂုတ် ၃၀ရက် ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ပြည်ပသာသနာပြု ဓမ္မဒူတခရီး ကြွရောက်တော်မူကြောင်း သိရသည်။ **(က-ပ)**

ထစ်ချုန်းမိုး

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေ အက်စ်စီဒဗလျူအို အဆောက်အအုံအတွင်း လှည့်လည်ကြည့်ရှုလေ့လာ အမျိုးသမီးများကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အမြင်ချင်းဆွေးနွေးဖလှယ်

ရန်ကုန် စက်တင်ဘာ ၁၇

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေသည် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဝင်းအောင်၏ဇနီးဒေါ်စံယုံ၊ စင်ကာပူသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံသံအမတ်ကြီး၏ဇနီး ဒေါ်ခင်အေးမြင့်၊ စင်ကာပူသမ္မတနိုင်ငံ ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး၏ဇနီး Mrs. Heng Chee How၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံသံအမတ်ကြီး၏ဇနီး Mrs. Poh Choo de Cruz တို့နှင့်အတူ စက်တင်ဘာ ၁၃ရက်တွင် ခေတ္တတည်းခိုသည့် စင်ကာပူမြို့ Four Seasons Hotel မှ Fort Canning ရှိ at-sunrice အစားအသောက် သင်တန်းကျောင်းသို့ မော်တော်ယာဉ်များဖြင့်ရောက်ရှိကြရာ at-sunrice Director Ms. Kuan Lui နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များအား Executive Chef Mr. Pathmanathan Velayathan က at-sunrice အစားအသောက်သင်တန်းကျောင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ကြည့်ရှုလေ့လာ

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များသည် at-sunrice သင်တန်းကျောင်းဝင်းအတွင်း စိုက်ပျိုးထားသည့် မီးဖိုချောင်သုံး ဟင်းသီးဟင်းရွက်အသီးအနှံနှင့် ဟင်းခတ်အမွှေးအကြိုင်ပင်များကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များအား Executive Chef Mr. Pathmanathan Velayathan က အစားအသောက် ပြုပြင်ချက်ပြုတ်မှုများကို လက်တွေ့သရုပ်ပြ ရှင်းလင်းတင်ပြသည်။

တည်ခင်းဧည့်ခံ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များအား စင်ကာပူသမ္မတနိုင်ငံ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး၏ဇနီးက at-sunrice ၌ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

နေ့လယ်စာ သုံးဆောင်အပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များသည် at-sunrice အစားအသောက်သင်တန်းကျောင်းမှ တာဝန်ရှိသူများနှင့်အတူ အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များသည် Singapore Council of Women's Organizations (SCWO) ရုံးချုပ်သို့ ရောက်ရှိကြရာ SCWO ဒုတိယဥက္ကဋ္ဌများ ဖြစ်သည့် Mrs. Wee Wan Joo နှင့် Ms. Susie Kong နှင့် တာဝန်ရှိသူများကကြိုဆိုကြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ရှင်းလင်းဆောင်၌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များအား Singapore Council of Women's Organizations (SCWO) ဒုတိယဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက SCWO နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

အမြင်ချင်းဖလှယ်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်နှင့်စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းပြောကြားပြီး အမျိုးသမီးများကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသမီးအခွင့်အရေးများ စောင့်ရှောက်မြှင့်တင်ရေးတို့နှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဆွေးနွေးဖလှယ်ကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များသည် SCWO အဆောက်အအုံအတွင်း လှည့်လည်ကြည့်ရှုလေ့လာရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

စုပေါင်းဓာတ်ပုံရိုက်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေသည် Singapore Council of Women's Organizations (SCWO) ၏ ဧည့်သည်တော် မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးပြီး အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များသည် SCWO မှ ပြန်လည်ထွက်ခွာပြီး ခေတ္တတည်းခိုသည့် Four Seasons Hotel သို့ ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

ရှင်းလင်းတင်ပြ

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များအား စင်ကာပူမြို့ at-sunrice အစားအသောက်သင်တန်းကျောင်း Director Ms. Kuan Lui က at-sunrice အစားအသောက်သင်တန်းကျောင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်၏ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များ စင်ကာပူသမ္မတနိုင်ငံ Singapore Council of Women's Organizations (SCWO) အဆောက်အအုံအတွင်း လှည့်လည်ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

အမှတ်တရဓာတ်ပုံရိုက်

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်၏ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့်အဖွဲ့ဝင်များ စင်ကာပူသမ္မတနိုင်ငံ Singapore Council of Women's Organizations (SCWO)၌ အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြစဉ်။

(သတင်းစဉ်)

မှတ်သားဖွယ်ရာမိုးရေချိန်

နမ့်ဆမ်မြို့	၂ ဒသမ ၃၆	လက်မ
ပြင်ဦးလွင်မြို့	၁ ဒသမ ၇၇	လက်မ
စစ်တွေမြို့	၁ ဒသမ ၇၃	လက်မ

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်မိုးရေချိန်

ကမ္ဘာအေး	၀ ဒသမ ၀၈	လက်မ
ရန်ကုန်မြို့လယ်	၀ ဒသမ ၀၄	လက်မ
မင်္ဂလာဒုံ	၀ ဒသမ ၀၄	လက်မ

ဧရာဝတီမြစ်ရေစိုးရိမ်ရေမှတ်အောက်ကျဆင်း

ရန်ကုန် စက်တင်ဘာ ၁၇

ဧရာဝတီမြစ်ရေသည် ယနေ့နံနက် ၆နာရီခွဲ တိုင်းထွာချက်များအရ စစ်ကိုင်းမြို့တွင် စင်တီမီတာ ၄၀၊ ညောင်ဦးမြို့တွင် ၅၆ စင်တီမီတာ၊ မင်းဘူးမြို့တွင် စင်တီမီတာ ၆၀နှင့် မကွေးမြို့တွင် ၂၄ စင်တီမီတာ စိုးရိမ်ရေမှတ်များအထက်တွင်ရှိနေသည်။ အဆိုပါ မြစ်ရေသည် နောက်သုံးရက်မှ ခြောက်ရက်အတွင်း စိုးရိမ်ရေမှတ်အောက်သို့ ကျဆင်းနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ယနေ့ထုတ်ပြန်ထားသည်။**(မြန်မာ့အလင်း)**

ကြိုဆိုနှုတ်ဆက်

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်အား စင်ကာပူသမ္မတနိုင်ငံ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Heng Chee How နှင့် ဇနီးတို့က စင်ကာပူသမ္မတနိုင်ငံ ချန်ဂီအပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆို နှုတ်ဆက်စဉ်။

(သတင်းစဉ်)

■ ရှေ့ဖုံးမှ

နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဌာန ခေတ္တအကြီးအကဲ Mr. Lim Cheng Hoe တို့က အထူးလေယာဉ်ပေါ်သို့ တက်ရောက်၍ ခရီးဦးကြိုဆို နှုတ်ဆက်ကြသည်။

ဂုဏ်ပြုပန်းစည်းပေးအပ်

ထို့နောက် လေယာဉ်ပေါ်မှ ဆင်းသက်လာသည့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များအား လေယာဉ်လှေကားထိပ်မှ စင်ကာပူသမ္မတနိုင်ငံ ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Heng Chee How နှင့် ဇနီး၊ စင်ကာပူသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးလှသန်း၏ဇနီး ဒေါ်ခင်အေးမြင့်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး Mr. Simon Tensing de Cruz နှင့် ဇနီးတို့က ကြိုဆိုနှုတ်ဆက်ကြပြီး နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေအား စင်ကာပူအမျိုးသမီးငယ်တစ်ဦးက ဂုဏ်ပြုပန်းစည်းပေးအပ်သည်။

ဂုဏ်ပြုပန်းစည်းများပေးအပ်

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေတို့အား မြန်မာအမျိုးသမီးငယ်နှစ်ဦးတို့က ဂုဏ်ပြုပန်းစည်းများပေးအပ်ကြသည်။

ဂါရဝပြုနှုတ်ဆက်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား စင်ကာပူသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံသံရုံးမှဝန်ထမ်းများနှင့် မိသားစုများက ဂါရဝပြု ကြိုဆိုနှုတ်ဆက်ကြသည်။

နှုတ်ဆက်စကားပြောကြား

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေတို့သည် လေဆိပ်ရှိ အထူးဧည့်ခန်းဆောင်၌ ခေတ္တရပ်နားကြပြီး စင်ကာပူသမ္မတနိုင်ငံ ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်ဇနီးတို့နှင့်အတူ ရင်းရင်းနှီးနှီး နှုတ်ဆက်စကား ပြောကြားကြသည်။

ဟိုတယ်သို့ရောက်ရှိ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် စင်ကာပူသမ္မတနိုင်ငံ ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ဇနီး လိုက်ပါလျက် မော်တော်ယာဉ်များဖြင့် ချန်ဂီအပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ခေတ္တတည်းခိုမည့် Four Seasons Hotel သို့ ရောက်ရှိကြသည်။

(သတင်းစဉ်)

စင်ကာပူနိုင်ငံသံအမတ်ကြီးကြိုဆို

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့်ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေတို့အား ပြည်ထောင်စုမြန်မာ နိုင်ငံတော်ဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံသံအမတ်ကြီး H.E. Mr. Simon Tensing de Cruz နှင့် ဇနီးတို့က စင်ကာပူသမ္မတနိုင်ငံ ချန်ဂီအပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြစဉ်။

(သတင်းစဉ်)

ဂုဏ်ပြုပန်းစည်းပေးအပ်

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်၏ ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေအား မြန်မာအမျိုးသမီးငယ် တစ်ဦးက စင်ကာပူသမ္မတနိုင်ငံ ချန်ဂီအပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ဂုဏ်ပြုပန်းစည်းပေးအပ်စဉ်။

(သတင်းစဉ်)

18-9 (08).p65 2 25.03.1905, 4:52 PM

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေ စင်ကာပူသမ္မတနိုင်ငံ ချစ်ကြည်ရေးအလည်အပတ်ခရီးမှ ပြန်လည်ရောက်ရှိ

ရန်ကုန် စက်တင်ဘာ ၁၇

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေတို့သည် စင်ကာပူသမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာလီရှန်းလွန်း၏ ဖိတ်ကြားချက်အရ စင်ကာပူသမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီး လည်ပတ်ခဲ့ပြီးနောက် စက်တင်ဘာ၁၇ရက်တွင် စင်ကာပူမြို့မှ ပြည်ထောင်စုမြန်မာနိုင်ငံတော် ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာခဲ့ကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေတို့သည် စက်တင်ဘာ ၁၇ရက်တွင် ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာရန် မွန်းလွဲ ၁ နာရီမိနစ် ၂၀ တွင် ခေတ္တတည်းခိုသည့် Four Seasons Hotel မှ ချန်ဂီအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိကြသည်။

နှုတ်ဆက်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေတို့သည် လေဆိပ်တွင် ဂါရဝပြု ပို့ဆောင်နှုတ်ဆက်ကြသည့် စင်ကာပူသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စု မြန်မာနိုင်ငံသံရုံးမှ ဝန်ထမ်းများ၊ မိသားစုများအား နှုတ်ဆက်ကြသည်။

ပို့ဆောင်နှုတ်ဆက်

ဆက်လက်၍နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေတို့အား စင်ကာပူသမ္မတနိုင်ငံ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E.Mr.Heng Chee Howနှင့်ဇနီး၊ စင်ကာပူသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံသံအမတ်ကြီးဦးလှသန်းနှင့်ဇနီး၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr.Simon Tensing de Cruzနှင့်ဇနီးတို့က လိုက်လံခင်မင်စွာ ပို့ဆောင်နှုတ်ဆက်ကြသည်။

ရောက်ရှိ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေတို့သည် အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်းလေယာဉ်ဖြင့် စင်ကာပူမြို့မှ ပြန်လည်ထွက်ခွာခဲ့ကြရာ ညနေပိုင်းတွင် ရန်ကုန်မြို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြသည်။

ပို့ကုန်မြှင့်တင်ရေးဆွေးနွေး

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အတူ အဖွဲ့ဝင်အဖြစ်လိုက်ပါလာသည့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံသည် စင်ကာပူသမ္မတနိုင်ငံမှ စီးပွားရေးအတိုင်ပင်ခံ လုပ်ငန်းဆိုင်ရာကုမ္ပဏီများ ပါဝင်သည့် The GA Group Pte., Ltd.မှ Chairman & MD, Mr. George Abrahimအား စက်တင်ဘာ ၁၃ရက် ညနေ ၃နာရီတွင် စင်ကာပူမြို့ Four Seasons Hotel ၌လက်ခံတွေ့ဆုံပြီး မြန်မာ့ကုန်သွယ်မှု မြှင့်တင်ရေးနှင့် ပြည်ပပို့ကုန်မြှင့်တင်ရေးလုပ်ငန်းဆိုင်ရာများကို ဆွေးနွေးသည်။

ဆွေးနွေး

အလားတူအဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှထွန်းသည် ဝန်ကြီးချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်နှင့် စင်ကာပူမြို့ မြန်မာသံရုံးမှ သံမှူးကြီး ဦးအုန်းကျော်တို့လိုက်ပါလျက် စက်တင်ဘာ ၁၃ရက် ညနေ ၃နာရီတွင် စင်ကာပူမြို့ရှိ United Overseas Bank Groupဌာနချုပ်သို့ သွားရောက်ကာ United Overseas Bank Groupမှ Mr. Frank Choo Chin Kok (Senior Vice President & Division Head, Financial Institutions Group-Banks, Global Treasury) Mr. Michael Lau(CFA, Executive Vice President International) နှင့် Mr. Goh Ngun Leng(Vice President International Branches)တို့နှင့် တွေ့ဆုံ၍ ဘဏ်လုပ်ငန်းဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။ **(သတင်းစဉ်)**

မှတ်တမ်းတင်ဓာတ်ပုံရိုက်

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် စင်ကာပူသမ္မတနိုင်ငံ သမ္မတ မစ္စတာအက်စ် အာရ် နာသန်တို့ စင်ကာပူမြို့ သမ္မတအိမ်တော် အစ္စတာနာဧည့်ခန်းမ၌ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

လက်မှတ်ရေးထိုး

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် စင်ကာပူသမ္မတနိုင်ငံ သမ္မတအိမ်တော် ဧည့်သည်တော် မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးစဉ်။ (သတင်းစဉ်)

✻ ကျောဖုံးမှ

သံအမတ်ကြီး H.E. Mr. Simon Tensing de Cruz၊ သမ္မတ၏ Principal Private Secretary, Mr. Pek Beng Choon နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဌာန ခေတ္တအကြီးအကဲ Mr. Lim Cheng Hoe တို့ တက်ရောက်ကြသည်။

ရင်းနှီးစွာဆွေးနွေး

ထိုသို့တွေ့ဆုံရာ၌ နှစ်နိုင်ငံ၏ နိုင်ငံတည်ဆောက်ရေးအတွေ့အကြုံများ၊ နှစ်နိုင်ငံချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြသည်။ ဝန်ကြီးချုပ်အနေဖြင့် မြန်မာနိုင်ငံ၏နိုင်ငံရေး၊ စီးပွားရေး၊လူမှုရေးကဏ္ဍစုံနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကဏ္ဍများမှာ အရှိန်အဟုန်မြှင့် ကြိုးပမ်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းဆွေးနွေးခဲ့သလို သမ္မတကြီးကလည်း မြန်မာနိုင်ငံပြည်သူများအပေါ် များစွာခင်တွယ်မှုရှိသည့်ပြင် မြန်မာနိုင်ငံ၏ ဒီမိုကရေစီစနစ်ကူးပြောင်းရေးအတွက် ကြိုးပမ်းဆောင်ရွက်မှုများ၊ တိုးတက်ဖြစ်ပေါ်မှုများကို နားလည်စာနာလျက်ရှိကြောင်း၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများလည်း တိုးတက်ကောင်းမွန်လျက်ရှိကြောင်း ရင်းနှီးစွာဆွေးနွေးခဲ့သည်။ **(သတင်းစဉ်)**

☆ ကျောဖုံးမှ

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ အမှတ်(၁)စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးအောင်သောင်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှထွန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဝင်းအောင်၊ ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၊ စင်ကာပူသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးလှသန်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထွန်းတို့ တက်ရောက်ကြပြီး စင်ကာပူသမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာလီရှန်းလွန်းနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ဂျော့ယောင်ဘွန်းရီယို၊ ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီးဌာန ဝန်ကြီး H.E.Mr. Lim Hng Kiang၊ ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Heng Chee How၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် H.E. Mr. Bilanari Kausikan၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Simon Tensing de Cruz နှင့် ဝန်ကြီးချုပ်၏ Principal Private Secretary ,H.E. Mr. Ong Ye Kungတို့ တက်ရောက်ကြသည်။

လွန်စွာကောင်းမွန်

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မြန်မာနိုင်ငံနှင့် စင်ကာပူသမ္မတနိုင်ငံတို့၏ ဆက်ဆံရေးနှင့်ပူးပေါင်းဆောင်ရွက်မှုတို့သည် လွန်စွာကောင်းမွန်လျက်ရှိကြောင်း၊ မြန်မာကိုယ်စားလှယ်အဖွဲ့အနေဖြင့် အဆိုပါ ချစ်ကြည်ရင်းနှီးသောဆက်ဆံရေးကို ပိုမိုတိုးတက်ကောင်းမွန်စေရေးအတွက် လာရောက်ခြင်းဖြစ်ကြောင်း။

တိုးတက်မှုရှင်းပြ

စင်ကာပူသမ္မတနိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့်ကဏ္ဍအများအပြားတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီးဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင်လည်း မြန်မာနိုင်ငံဘက်မှရပ်တည် ထောက်ခံပေးသဖြင့် ကျေးဇူးတင်ရှိ ပါကြောင်း စသည်ဖြင့် ပြောကြားပြီးနောက် မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုများကို ရှင်းလင်းပြောကြားခဲ့သည်။

ရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်

စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာလီရှန်းလွန်းက ပြန်လည်ပြောကြားရာ၌ စင်ကာပူသမ္မတနိုင်ငံအနေဖြင့်လည်း မြန်မာနိုင်ငံနှင့် ကူးသန်းရောင်းဝယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများမြှင့်တင်ရန်ဆန္ဒရှိကြောင်း။

ရပ်တည်ပေးမည်

ယခုကဲ့သို့ မြန်မာနိုင်ငံ၏ အခြေအနေများ ရှင်းလင်းပြောကြားသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ စင်ကာပူသမ္မတနိုင်ငံသည် မြန်မာနိုင်ငံ၏ အခြေအနေများကိုနားလည်စာနာပြီး ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် မြန်မာနိုင်ငံဘက်မှ ဆက်လက်ရပ်တည်ပေးသွားမည်ဖြစ်ကြောင်း။

ညှိနှိုင်းဆောင်ရွက်

နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးနည်းလမ်းများ ရှာဖွေရန်အတွက် မြန်မာ-စင်ကာပူဝန်ကြီးအဆင့် ပူးတွဲကော်မတီအစည်းအဝေး ကျင်းပရေးအတွက် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

တိုးမြှင့်သွားရန်ရှိ

စင်ကာပူနိုင်ငံအနေဖြင့် သိပ္ပံနှင့်နည်းပညာကဏ္ဍ၊ သတင်းနှင့်ဆက်သွယ်ရေးဆိုင်ရာနည်းပညာ (ICT) ကဏ္ဍ၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍနှင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကဏ္ဍများတွင်လည်း ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်သွားရန် ဆန္ဒရှိကြောင်း ပြောကြားသည်။

(သတင်းစဉ်)

စက်မောင်းဆီ ချွေတာဖို့ သဘာဝဓာတ်ငွေ့ယာဉ်များ သုံးစွဲစို့

✻ မော်တော်ယာဉ်များတွင် ဓာတ်ဆီ၊ ဒီဇယ်ဆီအစား သဘာဝဓာတ်ငွေ့ အစားထိုးသုံးစွဲနိုင်သည်။

✻ သဘာဝဓာတ်ငွေ့ သုံးစွဲခြင်းဖြင့် စက်မောင်းဆီ ချွေတာနိုင်သည့်အပြင် အင်ဂျင်သက်တမ်းကိုလည်း ပိုရှည်စေသည်။

✻ ပြည်တွင်းထွက် သဘာဝဓာတ်ငွေ့ကို အကျိုးရှိရှိ လုံခြုံစိတ်ချစွာ အသုံးပြုနိုင်သည်။

✻ သဘာဝဓာတ်ငွေ့သည် ရာနှုန်းပြည့် လောင်ကျွမ်းမှုရှိသဖြင့် ပတ်ဝန်းကျင် သန့်ရှင်းမှုကို အထောက်အကူပြုသည်။

✻ အလုံအလောက် သုံးစွဲနိုင်သဖြင့် ခရီးသည်ပို့ဆောင်ရေးနှင့် ကုန်စည်စီးဆင်းမှု ပိုမိုမြန်ဆန် သွက်လက်စေသည်။

လက်ကမ်းကြိုနေ ပန်းတက္ကသိုလ်မြေ

ပျဉ်းမနားမြင့်လှိုင်

❐ **ကံ့ကော်စိန်ပန်း၊ တစ်သိန်ဆန်းလို့**
ထိန်လျှမ်းငုဝါ၊ ပိတောက်ဝါနှင့်
ကန်သာလေညင်း၊ ဝေမသင်းလည်း
ဆွေရှင်းနောင်ညီ၊ 'စာပေ''ဂီတ'
'ပန်းချီ''ပန်းပု'၊'သဘင်'နှရှင့်
ပေါင်းစုပွင့်လန်း၊ ရဂုံနန်းနှယ်
ပန်းတက္ကသိုလ်၊ ဥယျာဉ်ပျိုသည်
ရွှမ်းစိုဝန်းကျင်၊ အလှဆင်၍
မွှေးလွင်ရနံ့၊ ပြည်လုံးပျံ့စေ
ပတ်လွှံ့ဝေငှ၊ မျိုးစေ့ချလို့
အနုပညာချစ်၊ မျိုးဆက်သစ်များ
စနစ်နည်းမှန်၊ အခြေခံမှ
စံပြသင်မူ၊ ဘွဲ့ထူးယူပြီး
ပြည်သူချစ်ခင်၊ ပညာရှင်တည်း...။

ယဉ်ကျေးမှုတက္ကသိုလ်သို့ ခြေချမိကတည်းက အခြားတက္ကသိုလ်များနည်းတူ လှလှပပ၊ အနုတ္တသညာ၊အမည်ရာ၍ ကိုယ့်တက္ကသိုလ်ကို၊ ဝိဂြိုဟ်ပြုချင်၊ သမိုင်းတွင်ရစ်စေချင်သည်။ ယဉ်ကျေးမှုတက္ကသိုလ်ကို ၁၉၉၃ခုနှစ် စက်တင်ဘာလတွင် အနုပညာဦးစီးဌာန ကမ္ဘောဇရိပ်သာ၌ စတင်ဖွင့်လှစ်ခဲ့ပြီး ၁၉၉၆ခုနှစ် စက်တင်ဘာလ ၁၈ ရက်နေ့တွင် ဒဂုံမြို့သစ်(တောင်ပိုင်း)သို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့သည်။

ဒဂုံမြို့သစ်(တောင်နှင့်မြောက်) လမ်းဆုံအနီးတွင် အနုပညာပန်းများ ကြီးမားထည်ဝါခံ့ညားစွာ ပြုစုပျိုးထောင်ပေးမည့် တက္ကသိုလ်ကြီးပေါ်ပေါက်လာခဲ့ရသည်။ စာရေးသူသည် ၁၉၉၈ခုနှစ်တွင် တွဲဖက်ပါမောက္ခ သဘင်ပညာဌာနမှူးအဖြစ် ရောက်ရှိတာဝန်ယူခဲ့သည်။ ထိုစဉ်က ယဉ်ကျေးမှုတက္ကသိုလ်ကြီးသည် လွင်တီးခေါင်တွင် စိုက်ပျိုးဆဲအပင်ငယ်များခြံရံ၍ ရပ်တည်နေပေသည်။ တစ်သက်မှာ တစ်ခါသာ ကြုံဖူးသော တက္ကသိုလ်ကြီးကို ကံ့ကော်ပန်း၊ စိန်ပန်း၊ ငုဝါ၊ ပိတောက်ပန်းတို့ မရှိပေမယ့် စာပေ၊ ဂီတ၊ သဘင်၊

ဂီတပညာဌာနမှ ကျောင်းသား ကျောင်းသူများ အီတလီ ဂီတစာဆိုကြီး Antonio Vivaldi ၏ OPUS No.3 နှင့် No.5 တို့ကို တယောတူရိယာများဖြင့် ဤသို့ ညီညာဖြိုဖြိုး တီးခတ်ခဲ့ကြသည်။



ပန်းချီ၊ ပန်းပု အနုပညာပန်းများ စုဝေးရာ 'ပန်းတက္ကသိုလ်' ဟူ၍ ဂုဏ်ပြုကဗျာဖြင့် အမည်ပေးခဲ့သည်။

ယခုအခါတွင် လှပရွှန်းစို ယဉ်ကျေးမှုတက္ကသိုလ်ကြီးသည် ၁၀နှစ်တာသက်တမ်းသို့ အောင်မြင်စွာ တက်လှမ်းနိုင်ခဲ့ပြီဖြစ်သည်။ကျောင်းဝန်းကျင်သည်လည်း ပိတောက်ပန်း၊ ခရေပန်း၊ မလေးရှားပိတောက်ပန်းတို့ဖြင့် စိမ်းလန်းစိုလွင် အလှဆင်လျက်ရှိသည်။ အနုပညာဆောင်ရှေ့မှ ကုမုဒြာ ဇာတ်ရုံနှင့် ကြာဖြူလျှံနေသော အလင်္ကာကန်တို့သည် ပန်းသင့်ပြီး တင့်တယ်လှပနေသည်။

အနုပညာဆောင်တွင် ဂီတပညာဘာသာရပ်၊ သဘင်ပညာဘာသာရပ်၊ ပန်းချီပညာဘာသာရပ်များ၊ပန်းပုဘာသာရပ်များ စာတွေ့လက်တွေ့သင်ကြားပေးခဲ့သည်။ တက္ကသိုလ်သို့ အဝင်ဝစာပေပညာအဆောင်တွင် စာပေ ဘာသာရပ်များအဖြစ် မြန်မာစာ၊ အင်္ဂလိပ်စာ၊ မြန်မာ့အမျိုးသားယဉ်ကျေးမှုသမိုင်း၊ ယဉ်ကျေးမှုသမိုင်း၊ သိပ္ပံ၊ ပထဝီဝင်၊ သင်္ချာ၊ အရှေ့တိုင်းပညာ၊ ရှေးဟောင်းသုတေသနပညာ၊ Aspects of Myanmar တို့ သင်ကြားပေးခဲ့သည်။အထူးပြုဘာသာရပ်များအဖြစ် ဂီတပညာ၊ သဘင်ပညာ၊ ပန်းချီပညာနှင့် ပန်းပုပညာရပ်များ ဖြစ်သည်။

သင်တန်းကာလမှာ ရိုးရိုးဘွဲ့(၃)နှစ်နှင့် ဂုဏ်ထူးဘွဲ့ လေးနှစ်ဖြစ်ရာ ဝိဇ္ဇာဘွဲ့(ဂီတ)၊ ဝိဇ္ဇာဂုဏ်ထူးဘွဲ့(ဂီတ)၊ ဝိဇ္ဇာဘွဲ့(သဘင်)၊ ဝိဇ္ဇာဂုဏ်ထူးဘွဲ့(သဘင်)၊ ဝိဇ္ဇာဘွဲ့(ပန်းချီ)၊ ဝိဇ္ဇာဂုဏ်ထူးဘွဲ့(ပန်းချီ)၊ဝိဇ္ဇာဘွဲ့(ပန်းပု)၊ ဝိဇ္ဇာဂုဏ်ထူးဘွဲ့(ပန်းပု)ဘွဲ့များအပ်နှင်းမည်ဖြစ်သည်။ယဉ်ကျေးမှုတက္ကသိုလ် (ရန်ကုန်)မှ ဘွဲ့များ အသီးသီး အပ်နှင်းရာတွင် ၁၉၉၇ခုနှစ် ပထမအကြိမ် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် ၁၇၁ဦး၊ ၁၉၉၈ခုနှစ် ဒုတိယအကြိမ်ဘွဲ့နှင်းသဘင် အခမ်းအနားတွင်၁၅၇ဦး၊ ၁၉၉၉ခုနှစ် တတိယအကြိမ် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် ၁၀၆ဦး၊ ၂၀၀၀ ပြည့်နှစ် စတုတ္ထအကြိမ် ဘွဲ့နှင်းသဘင်အခမ်းအနားတွင်၉၆ဦး၊ ၂၀၀၁ခုနှစ် ပဥ္စမအကြိမ် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် ၁၀၉ဦး၊ ၂၀၀၂ခုနှစ် ဆဋ္ဌမအကြိမ် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် ၂၀၃ဦး၊ ၂၀၀၃ခုနှစ် သတ္တမအကြိမ် ဘွဲ့နှင်းသဘင်အခမ်းအနားတွင်၁၃၇ဦး၊၂၀၀၄ခုနှစ် အဋ္ဌမအကြိမ်ဘွဲ့နှင်းသဘင်အခမ်းအနားတွင် ၂၀၈ဦး ဘွဲ့များ အပ်နှင်းခဲ့သည်။

ဘွဲ့နှင်းသဘင်အခမ်းအနားမတိုင်မီ ဘွဲ့ယူမည့် ကျောင်းသူကျောင်းသားများ၏ အနုပညာအရည်အသွေးကို ဆန်းစစ်သည့် လက်ရာမွန်ပြပွဲနှင့် စင်တင်တင်ဆက်မှုပွဲကြီးကို ရန်ကုန်မြို့ အမျိုးသားဇာတ်ရုံ၌ နှစ်စဉ် ခမ်းခမ်းနားနား ကျင်းပခဲ့သည်။ ပန်းချီပန်းပု ကျောင်းသူကျောင်းသားများ၏ ပန်းချီလက်ရာများ၊ ပန်းပုလက်ရာများကို အမျိုးသားဇာတ်ရုံ အဝင်ဧည့်ကြိုခန်းမ၌ ပြသအစစ်ဆေးခံခဲ့ကြသည်။ ဂီတနှင့် သဘင် ကျောင်းသူကျောင်းသားများ၏ စင်တင် တင်ဆက်မှုများကို အမျိုးသားကဇာတ်ရုံ စတိတ်ခုံပေါ်တွင်ပြသခဲ့လေသည်။

၂၀၀၃-၂၀၀၄ပညာသင်နှစ်၏ အဋ္ဌမအကြိမ် ဘွဲ့ယူ ကျောင်းသားကျောင်း သူများ၏ လက်ရာမွန်ပြပွဲနှင့် စင်တင်တင်ဆက်မှု အခမ်းအနားကို ၃-၉-၂၀၀၄ရက်နေ့က အမျိုးသားဇာတ်ရုံ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်နှင့် ဝန်ကြီးများ၊ အနုပညာရှင်ကြီးများအဖွဲ့သည် အမျိုးသားဇာတ်ရုံ ဧည့်ကြိုခန်းမ၌ ခင်းကျင်းပြသထားသော လက်ရာမွန် ပန်းချီကားများ၊ ပန်းပုရုပ်တုများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။ အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဝင်းနှင့် ယဉ်ကျေးမှုတက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ် ဦးတင်စိုးတို့က ရှင်းလင်းတင်ပြကြသည်။

ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီးက ပန်းချီအနေဖြင့် ပိုစတာကာလာ၊ ရေဆေး၊ ဆီဆေးပန်းချီ များတိုးတက်လာကြောင်း၊ အတွေးအခေါ်များ ကောင်းကြောင်း၊ ပန်းပုလက်ရာများအနေဖြင့်လည်း အဆင့်အတန်း မြင့်မားလာကြောင်း၊ ပလတ်စတာရုပ်တုအပြင် သစ်ထွင်း ပန်းပုများ တိုးတက်လာခဲ့ကြောင်း၊ တစ်နှစ်ထက်တစ်နှစ် ပိုမိုမြင့်မားလာရန် ကြိုးစားကြရမည်ဖြစ်ကြောင်းပြောကြားပြီး အားနည်းချက်၊ အားသာချက်များကို ဆွေးနွေးသွားခဲ့သည်။

ကျောင်းသား ကျောင်းသူများ၏ ပန်းချီကားများသည် လက်ရာစုံ၊ အကြောင်းအရာစုံပြီး ဈေးကွက်ဝင် လက်ရာကောင်းများဖြစ်သည်။ ပန်းပုရုပ်တုများသည်လည်း အတွေးအခေါ်မြင့်မားပြီး နိုင်ငံတကာအဆင့်မီ ရုပ်လုံးရုပ်ကြွများဖြစ်သည်။ ယခင်က မပြသခဲ့ဖူးသော သစ်သားပန်းပု၊ သစ်ထွင်းရုပ်တုများသည်လည်း ခက်ခဲနက်နဲစွာ ထုလုပ်ပြသထားသည်ကို အားရဖွယ် တွေ့ရသည်။

ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး နှင့် ဧည့်သည်တော်များသည် အဋ္ဌမအကြိမ် ဘွဲ့ယူ ကျောင်းသား ကျောင်းသူများ၏ ဂီတ၊ သဘင် စင်တင် တင်ဆက်မှုများကို ကြည့်ရှုအကဲဖြတ် အားပေးခဲ့ကြသည်။

ဦးစွာပထမ ပဏာမနှင့် ဂါရဝပြု တင်ဆက်မှုအဖြစ် ဂီတကျောင်းသား ကျောင်းသူလေးများ၏' မောင်မယ်ယှဉ်တွဲ မြန်မာ့ဆိုင်းပွဲ'အစီအစဉ်ဖြစ်သည်။ ဆိုင်းဝိုင်းကြီးနှစ်ဝိုင်းယှဉ်၍ အမျိုးသားအဖွဲ့နှင့်အမျိုးသမီးအဖွဲ့တို့ လက်

သဘင်ဌာန ကျောင်းသား ကျောင်းသူများ၏ ဆီမီးပုဂံ၊ ပန်းပုဂံယိမ်းအက။

စွမ်းပြကာ အပြိုင်တီးခတ်ကြခြင်းဖြစ်သည်။ ဆက်လက်ပြီး ယဉ်ကျေးမှုတက္ကသိုလ်၏ သန္နိဋ္ဌာန်လေးချက်ကို ဂီတသံစဉ်သွင်း၍ ဂီတကျောင်းသား ကျောင်းသူများ ဇာတ်ခုံအပြည့် အလျှံ စုပေါင်းသီဆိုခဲ့ကြသည်။ ထို့နောက် 'ဆန်းနွှေဦး' ယိုးဒယားသီချင်းကို ကျောင်းသား ကျောင်းသူများက စောင်းတူရိယာဖြင့် လက်စွမ်းပြ တီးခတ်ကြသည်။

သဘင်ပညာဌာန ကျောင်းသား ကျောင်းသူများ၏ 'ကြော့ရှင်းမူယာ လှသူဇာ' ယိမ်းအကသည် သွဲ့ပြောင်းနွဲ့နှောင်းသော ကိုယ်နေဟန်ထား၊ ဆန်းပြားသော ကကွက်များဖြင့် ရှုစား၍မဝနိုင်အောင် ရှိခဲ့သည်။ ဂီတကျောင်းသူ ကျောင်းသားများ၏ 'တီးလုံးသံပြိုင် ခုနစ်ပွင့်ဆိုင်' တီးခတ်မှု

ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်)မှ ကျောင်းသား ကျောင်းသူများသည် လေးနှစ်တာကာလအတွင်း မိမိအပတ်တကုတ် သင်ယူခဲ့သော အနုပညာရပ်များကို ကိုယ်စီပြသလိုက်ကြသဖြင့် ဝမ်းသာကြည်နူးမဆုံးရှိနေကြသလို စာတွေ့၊ လက်တွေ့သင်ကြားပေးခဲ့ကြသော ပါမောက္ခချုပ်နှင့်တကွ ဆရာ ဆရာမများသည်လည်း မိမိတို့စိုက်ပျိုးပေးလိုက်သည့် အနုပညာပန်းများ ပွင့်လန်းဝေ့ကြိုင် အလှချင်းပြိုင်နေကြသည်ကိုကြည့်၍ ဝမ်းသာပီတိဂုဏ်ယူမဆုံးရှိနေကြသည်။

အစီအစဉ်တွင် စည်းဝါး၊ ပတ်ဝိုင်း၊ ဖုံ၊ပတ္တလား၊ ပလွေ၊ တယော၊ စန္ဒရား တူရိယာများကို လက်စွမ်းပြတီးခတ်ထားပုံမှာ သောတအာရုံကို ဖမ်းစားထားနိုင်သည်။ ဆက်လက်ပြီး နန်းတော်ရှေ့ဆရာတင်၏ 'ဇာတိနွယ်'သီချင်းကို မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ရွှေတံဆိပ်အများဆုံးဆွတ်ခူးထားသော ဂီတကျောင်းသား မောင်ကျော်ကျော်ဟန်နှင့် ဂီတကျောင်းသူ မသူဇာအောင်တို့က စုံတွဲသီဆိုရာ ပရိသတ်အထူးအားပေးခဲ့ကြသည်။ သဘင်ပညာဌာန ကျောင်းသား ကျောင်းသူများ၏ 'ဆီမီးပုဂံ၊ ပန်းပုဂံ'ယိမ်းအကသည် မျက်စိပသာဒရှိလှသည်။ဗုဒ္ဓဘုရားရှင်အား ပုဂံခေတ်ကာလမှာ ပန်း၊ ဆီမီး၊ တံခွန်၊ ကုက္ကားတို့ဖြင့် ပူဇော်ကြပုံ၊ ပုဂံမုဒြာ တူရိယာသံစုံဖြင့် ဂုဏ်ရှိလှသည်။ မြန်မာ့ဂီတသာမက ကမ္ဘာ့ဂီတပါ လက်လှမ်းမီအောင် အားထုတ်ကြိုးပမ်းနေသည့် ဂီတပညာဌာနမှ ကျောင်းသား ကျောင်းသူများသည် အီတလီဂီတစာဆိုကြီး Antonio Vivaldi ၏ OPUS No.3 နှင့် No.5 တို့ကို တယောတူရိယာများဖြင့် ညီညာဖြိုဖြိုး တီးခတ်သွား ခဲ့ကြသည်။

သဘင်ပညာဌာနမှ ကျောင်းသားကျောင်းသူများသည် 'အောင်ခြင်းရှစ်ပါး' တေးသရုပ်ဖော်ကို ရုပ်သေးကြိုးဆွဲပညာဖြင့် ပီပြင်စွာ တင်ဆက်ခဲ့သည်။ သဘင်ပညာဌာနမှ ဆရာဆရာမများပါဝင်သည့် 'တော်ဝင်' ရုပ်စုံသဘင်အဖွဲ့သည် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲကြီးတွင် နှစ်စဉ်အောင်ပွဲဆင်လျက်ရှိရာ ဆရာကောင်းတပည့်ပန်းကောင်းပန်ဆိုသကဲ့သို့ ပင်ဖြစ်သည်။ ဂီတသဘင်

စင်တင်တင်ဆက်မှု အဆုံးသတ်အနေဖြင့် သဘင်ပညာကျောင်းသူ ၃၈ဦး ပါဝင်ကပြကြသည့် 'ချစ်ပန်းဥယျာဉ်' တေးသရုပ်ဖော်အကဖြင့် ဖျော်ဖြေတင်ဆက်ခဲ့သည်။ အထူးအစီအစဉ်တစ်ရပ်အနေဖြင့် 'ချစ်ပန်းဥယျာဉ်' တေးသီချင်းကို သဘင်ဌာနမှူး၊ တွဲဖက်ပါမောက္ခ(အငြိမ်းစား) အကဲပေးပညာရှင် ပျဉ်းမနားမြင့်လှိုင်က ရေးစပ်သီကုံးပြီး စတုတ္ထနှစ်ကျောင်းသူ မနီလာဝင်းထွဋ်ကသီဆို၍ မုဒြာအက၊ အလှအပများကို ကထိက ဒေါ်နုနုစိန်က ခေတ်မီ ဆန်းသစ်စွာ ဖန်တီးပေးထားခြင်းဖြစ်သည်။ တိုင်းရင်းသားများ ထာဝရ စည်းလုံးညီညွတ်ရေး၊ အာဆီယံနိုင်ငံများ အချင်းချင်း ရိုင်းပင်းလက်တွဲ ခိုင်မြဲရေးများကို နိုင်ငံရေးအနှစ်သာရပြည့်မောက်၍ အနုပညာထိရောက်အောင်မြင်သော အစီအစဉ်အဖြစ် လက်ခုပ်ဩဘာသံများဖြင့် ထောမနာပြုသွားခဲ့ကြသည်။

ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်)မှ ကျောင်းသား ကျောင်းသူများသည် လေးနှစ်တာကာလအတွင်း မိမိအပတ်တကုတ် သင်ယူခဲ့သော အနုပညာရပ်များကို ကိုယ်စီပြသလိုက်ကြသဖြင့် ဝမ်းသာကြည်နူးမဆုံးရှိနေကြသလို စာတွေ့၊ လက်တွေ့သင်ကြားပေးခဲ့ကြသော ပါမောက္ခချုပ်နှင့်တကွ ဆရာ ဆရာမများ သည်လည်း မိမိတို့စိုက်ပျိုးပေးလိုက်သည့် အနုပညာပန်းများ ပွင့်လန်းမွှေးကြိုင်အလှချင်းပြိုင်နေကြသည်ကိုကြည့်၍ ဝမ်းသာပီတိ ဂုဏ်ယူမဆုံးရှိနေကြသည်။

အလားတူပင် ယဉ်ကျေးမှုတက္ကသိုလ်ကို မှီခိုအားထားဘွဲ့ရ အနုပညာရှင် အကျော်အမော်ဖြစ်လိုသူများကိုလည်း ရင်ခွင်တံခါးဖွင့်ထား၍ ပန်းပျိုးသော လက်များဖြင့် အမြဲတမ်း လက်ကမ်းကြိုဆိုလျက် ရှိနေသည်။ တက္ကသိုလ်ဝင်တန်း အောင်မြင်၍ ကျန်းမာရေးကောင်းသူတိုင်း လျှောက်ထားနိုင်ကြသည်။ တက္ကသိုလ်ဝင် စာမေးပွဲကို ရန်ကုန်တိုင်း၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်း၊ တနင်္သာရီတိုင်း၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ် စာစစ်ဌာနများမှ အောင်မြင်ခဲ့သူများသည် သတ်မှတ်ထားသော လျှောက်လွှာပုံစံများကို ယဉ်ကျေးမှု တက္ကသိုလ်(ရန်ကုန်) (၂၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)သို့ လျှောက်ထားကြရမည်ဖြစ်သည်။

တက္ကသိုလ်ဝင်စာမေးပွဲကို မန္တလေးတိုင်း၊ မကွေးတိုင်း၊ စစ်ကိုင်းတိုင်း၊ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ချင်းပြည်နယ်များမှအောင်မြင်ခဲ့သူများသည် ယဉ်ကျေးမှုတက္ကသိုလ်(မန္တလေး) ရွှေစာရံဘုရားလမ်း၊ အုန်းချောကျေးရွာ၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးမြို့သို့လျှောက်ထား တက်ရောက်ခွင့် ရရှိမည်ဖြစ်သည်။

အနုပညာဖြင့် အမျိုးဂုဏ်ဆင့် ဇာတိဂုဏ်မြှင့်တင်ကြမည့် တိုင်းပြည်ဂုဏ်ထူးဆောင် မျိုးဆက်သစ်မောင်မယ်များကိုထာဝစဉ်လက်ကမ်း၍ ပန်းခင်းကြိုဆိုလျက်ရှိကြောင်း သတင်းကောင်းပါး ရေးသားလိုက်ရပါသည်။ ။

မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း လှိုင်မြို့နယ် အထက(၃) အထောက်အကူပြု စာသင်ခန်းများ ဖွင့်ပွဲအခမ်းအနားတက်ရောက် ကျောင်းသား ကျောင်းသူများ သင်ထောက်ကူပစ္စည်းများ အသုံးပြုလေ့ကျင့်နေမှု ကြည့်ရှုအားပေး

ရန်ကုန် စက်တင်ဘာ ၁၇

မြန်မာနိုင်ငံ ပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ယနေ့နံနက်၇နာရီခွဲတွင် ရန်ကုန်တိုင်း ရန်ကုန်အနောက်ပိုင်းခရိုင် လှိုင်မြို့နယ် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၏ပညာရည်မြင့်မားရေး အထောက်အကူပြုစာသင်ခန်းများ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက် အားပေးချီးမြှင့်သည်။

မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း လှိုင်မြို့နယ် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း ပညာရည်မြင့်မားရေး အထောက်အကူပြု စာသင်ခန်းများဖွင့်ပွဲတွင် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

တက်ရောက်

အခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်၊ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးမျိုးညွှန့်နှင့် ဗိုလ်မှူးကြီး အောင်မျိုးမင်း၊ နိုင်ငံတော် အေးချမ်းသာယာရေး နှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပညာရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ ခရိုင်၊မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများ၊ တိုင်း၊

ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ မိဘဆရာအသင်းနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့တို့မှ တာဝန်ရှိသူများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များ၊ အလှူရှင်များနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံပညာရေး ကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များ အား လှိုင်မြို့နယ် အမှတ်(၃) အခြေခံ ပညာအထက်တန်းကျောင်းမှ ကျောင်း သား ကျောင်းသူလေးများက ဘင်ခရာ အဖွဲ့နှင့် တွဲဖက်၍ **"မြန်မာ့ကျောင်း"** သီချင်းကိုသီဆို၍ လည်းကောင်း၊ ပန်းဖွားအကသရုပ်ပြ၍ လည်းကောင်း ကြိုဆိုကြသည်။

ထို့နောက် ကျောင်းသူလေးများ ဖြစ်ကြသည့် မထက်ထက်အောင်နှင့် မစောစန္ဒီဦးတို့က အခမ်းအနားအစီ အစဉ်များကို ဖတ်ကြားတင်ပြပြီး အခမ်းအနားဖွင့်လှစ်ကြောင်း ကြေညာ သည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ယင်းနောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်နှင့် ကျောင်းအကျိုး တော်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးအောင်မြင့် တို့ကပညာရည်မြင့်မားရေး အထောက် အကူပြု စာသင်ခန်းများ ဖွင့်ပွဲ အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ် ပေးကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက ပညာ ရည်မြင့်မားရေး အထောက်အကူပြု စာသင်ခန်းများဖွင့်ပွဲ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် မြန်မာနိုင်ငံ ပညာရေး ကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီးစိုးဝင်း၊ တိုင်းမှူး၊ ဝန်ကြီး၊ မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများနှင့် တက်ရောက်လာကြသော ဌာနဆိုင်ရာ များ၊ ဧည့်သည်တော်များသည် ပညာရည်မြင့်မားရေး အထောက် အကူပြု စာသင်ခန်းများဖြစ်ကြသည့် Computer Application Room (CA), Electronic Media (Audio System), Electronic Media (Reading Corner), Computer Aided Instruction (CAI), Language Lab, Video Platform ၊ အိမ်တွင်းနှင့်လက်မှုပညာခန်း၊ ပန်းချီ၊ အနုပညာပြခန်းတို့၌ ဆရာ ဆရာမ များ၏ သင်ကြားပို့ချပေးနေမှုနှင့် ကျောင်းသား ကျောင်းသူလေးများ၏ သင်ယူလေ့ကျင့်နေမှုများကို လည်း ကောင်း၊ သင်ထောက်ကူပစ္စည်းပြခန်း ကို လည်းကောင်း လှည့်လည် ကြည့်ရှု စစ်ဆေးအားပေးသည်။

ယင်းနောက် ဖွင့်ပွဲအခမ်းအနား အစီအစဉ်များကို အဆိုပါကျောင်း သပြေခန်းမ၌ ဆက်လက်ကျင်းပရာ ကျောင်းသူလေးများ ဖြစ်ကြသည့် မဆုမွန်ဝင်းနှင့် မသဇင်ဦးတို့က အခမ်း အနားမှူးများအဖြစ် ဆောင်ရွက် ကြသည်။

အစီအစဉ်အရ ရှေးဦးစွာ ကျောင်းသား ကျောင်းသူလေးများက **'မင်္ဂလာရှိသော အနာဂတ်သစ်ဆီသို့'** သီချင်းဖြင့်လည်းကောင်း၊ကျောင်းသား မောင်ရဲမင်းသူက **'သွေးချင်းများပီပီ'** သီချင်းကို တီးခတ်၍ ကျောင်းသား ကျောင်းသူလေးများကအကဖြင့်လည်း ကောင်း၊ ဆက်လက်၍ **'ကျွန်တော့မမ ပုသိမ်သူ'** သီချင်းကိုကျောင်းသားမောင် ပိုင်စိုးထွန်းက သီဆိုကာ ကျောင်းသူ လေးများက ပုသိမ်ထီးအကဖြင့် လည်း ကောင်း ဖျော်ဖြေ တင်ဆက်ကြသည်။

ဆက်လက်၍ ကျောင်းအုပ် ဆရာမကြီး ဒေါ်ညွန့်သန်းက ပညာ ရည်မြင့်မားရေး အထောက်အကူပြု စာသင်ခန်းများ အဆင့်မြှင့်ဖွဲ့စည်း ထားရှိမှုကို လည်းကောင်း၊ ကျောင်း အကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌ

စာမျက်နှာ ၁၂ ကော်လံ ၁

မြန်မာနိုင်ငံ ပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း လှိုင်မြို့နယ် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း ပညာရည်မြင့်မားရေး အထောက်အကူပြု စာသင်ခန်းများဖွင့်ပွဲတွင် အထောက်အကူပြု စာသင်ခန်းများကို လှည့်လည်ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ ပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း လှိုင်မြို့နယ် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း ပညာရည်မြင့်မားရေး အထောက်အကူပြု စာသင်ခန်းများဖွင့်ပွဲတွင် ကျောင်းအုပ်ဆရာမကြီး၊ ဆရာ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ အလှူရှင်များ၊ ကျောင်းသား ကျောင်းသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးအောင်မျိုးမင်းထံ လှိုင်မြို့နယ် အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်း ပညာရည်မြင့်မားရေး အထောက်အကူပြု စာသင်ခန်းများဖွင့်ပွဲတွင် ဦးဟန်အေးက ငွေကျပ် ၆၀၀၀၀တန်ဖိုးရှိ သင်ကြားမှု အထောက်အကူပြုပစ္စည်းများ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

စာမျက်နှာ ၁၁မှ

ဦးအောင်မြင့်က မာလ်တီမီဒီယာ အီလက်ထရွန်နစ်ပစ္စည်းများ တိုးချဲ့တပ်ဆင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်မှုများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အလှူငွေပေးအပ်ခြင်း အစီအစဉ်ကိုကျင်းပရာ သီရိသုမေ့မဏိဇောတရေ ဦးနေဝင်းထွန်း (ကျောက်စိမ်းနဂါးကုမ္ပဏီ) ကိုယ်စားတာဝန်ရှိသူတစ်ဦးက အလှူငွေကျပ် သိန်း၆၀ ကိုပေးအပ်လှူဒါန်းရာကျောင်းအုပ်ဆရာမကြီးက လက်ခံသည်။

ဆက်လက်၍ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေထံ ဦးအောင်ရှိန်-ဒေါ်ခိုင်ခိုင်မော် (Confidence Company Limited.)က ငွေကျပ် ၁၀ သိန်း၊ အထက(၃)လှိုင် ကျောင်းသားမိဘများက ငွေကျပ် ၁၃၃၅၀၀၀၊ အထက(၃)လှိုင် ကျောင်းသား ကျောင်းသူဟောင်းများက ငွေကျပ် ၅၂၇၈၀၀ တို့ကို ပေးအပ်လှူဒါန်းကြသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်ထံ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌဦးအောင်မြင့်မိသားစုက ငွေကျပ် သုံးသိန်း၊ လှိုင်မြို့နယ် သစ်ခွဲစက်လုပ်ငန်းရှင်များက ငွေကျပ် သုံးသိန်း၊ ဒေါ်သန်းနု(ဒေါ်နုမိသားစု ပစ္စည်းငှားရမ်းရေးလုပ်ငန်း)က ငွေကျပ် တစ်သိန်းတို့ကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းထံ ဦးကျော်လှ (ဆောက်လုပ်ရေးပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း)၊ ဦးခင်မောင်ဝင်း (ဝင်း ဆောက်လုပ်ရေးပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း)နှင့် (၁၆)ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့က ငွေကျပ်တစ်သိန်းစီကို လည်းကောင်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်ထံ ဦးမြင့်ဦး-ဒေါ်ညွန့်ညွန့်စိန်မိသားစု၊ လှိုင်မြို့နယ်မှ လေမှုတ်စက်လုပ်ငန်းရှင်များက ငွေကျပ်တစ်သိန်းစီ နှင့် ဦးကျော်တင့်-ဒေါ်ကျင်ဝိုင်၊ ဦးတင်စိုး-ဒေါ်သီတာဦး၊ ဦးသန်းနိုင် (သစ်စက်) တို့က စုပေါင်း၍ ငွေကျပ် ၆၅၀၀၀ ကို လည်းကောင်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးအောင်မျိုးမင်းထံ ဦးစိုင်းအောင်ကြီး (ကြီး စက်မှုလက်မှုလုပ်ငန်း)၊ ဦးသိန်းဟန် (ဒေးလိုက် ဘက်ထရီလုပ်ငန်း) တို့က ငွေကျပ်၅၀၀၀၀ စီနှင့် ဦးဟန်အေးက ငွေကျပ် ၆၀၀၀၀ တန်ဖိုးရှိ သင်ကြားမှု အထောက်အကူပြု စီဒီခွေနှင့် Software စီဒီများကို လည်းကောင်း အသီးသီးပေးအပ် လှူဒါန်းကြသည်။

ပူးပေါင်းဆောင်ရွက်

ထို့နောက် ပညာရေးဝန်ကြီးဌာနဝန်ကြီး ဦးသန်းအောင်က ကျေးဇူးတင်စကား ပြောကြားရာ၌ တစ်မျိုးသားလုံးပညာရည်မြင့်မားရေးအတွက် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုများနှင့်အညီ ဗဟိုအဆင့်၊ ဒေသအဆင့်ရှိ တာဝန်ရှိသူအားလုံးနှင့် ပြည်သူများသည် တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်လျက် ရှိကြကြောင်း။

တစ်မျိုးသားလုံး ပညာရည်မြင့်မားရေးအတွက် ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေရေး၊ နိုင်ငံသားတိုင်း စာတတ်မြောက်ရေးစသည့် လုပ်ရှားမှုများသည် တစ်နှစ်ထက်တစ်နှစ် တိုးတက်အောင်မြင်မှုများ ရရှိလျက်ရှိကြောင်း။

အချိန်တိုအတွင်းတတ်မြောက်

နိုင်ငံတော်၊ ပြည်သူနှင့် လူမှုရေးအသင်းအဖွဲ့များ၏ ပူးပေါင်းကြိုးပမ်းဆောင်ရွက်မှုများကြောင့် တစ်နိုင်ငံလုံးရှိ အခြေခံပညာအထက်တန်းကျောင်း အားလုံးလိုလို၌ ပညာရည်မြင့်မားရေး သင်ထောက်ကူပစ္စည်းများ၊ မာလ်တီမီဒီယာ သင်ထောက်ကူစာသင်ခန်းများကို ဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်ကြောင်း။

ပညာရည်မြင့်မားရေးအထောက်အကူပြု စာသင်ခန်းများသည် ပညာသင်ကြားရာတွင် ကျောင်းသားကျောင်းသူများအား အချိန်တိုအတွင်း တတ်မြောက်စေသည့် အကျိုးကျေးဇူးများ ရရှိစေလျက်ရှိကြောင်း။

နယ်မြေဒေသအနှံ့၌ မိဘ၊ ဆရာ၊ ကျောင်းသားများ၏ တက်ကြွသော ပူးပေါင်းဆောင်ရွက်မှုများသည် ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး တည်ဆောက်နိုင်ရေးကို အပြည့်အဝအထောက်အကူပြုသွားမည်ဟု ယုံကြည်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

မှတ်တမ်းဓာတ်ပုံရိုက်

ယင်းနောက် မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အဖွဲ့ဝင်များသည် ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ အလှူရှင်များ၊ ကျောင်းသား ကျောင်းသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် မြန်မာနိုင်ငံ ပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) နှင့်အဖွဲ့သည် လှိုင်မြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှ ပြန်လည်ထွက်ခွာကြရာ ကျောင်း သားကျောင်းသူလေးများက **"ဓာတိမာန်"** သီချင်းကို သီဆို၍ နှုတ်ဆက်ကြသည်။

(သတင်းစဉ်)

စက်တင်ဘာ ၁၇ရက်က ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပထမအကြိမ်ဌာနပေါင်းစုံ ကြက်တောင်ရိုက်အားကစားပြိုင်ပွဲ ဆုပေးပွဲ အခမ်းအနားတွင် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း၏ဇနီး ဒေါ်ခင်သန်းဝင်းက ဆုရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။ (ဘဏ္ဍာ/အခွန်)

အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခုလှုပ်ရှား

ရန်ကုန် စက်တင်ဘာ ၁၇

၂၀၀၄ ခုနှစ် စက်တင်ဘာ ၁၇ရက် မြန်မာစံတော်ချိန် ညနေ ၅နာရီ ၅၅မိနစ် ၅၉စက္ကန့်တွင် ကမ္ဘာ့အေးမြေငလျင်စခန်း၏ အနောက်တောင်ဘက် ၁၃၆မိုင်ခန့်ကွာဝေးသော မြန်မာ့ပင်လယ်ပြင်ကို ဗဟိုပြု၍ ရစ်ချက်တာစကေး ၄ဒသမ ၇ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်းကို တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

မကွေးမြို့နယ် တယ်ပင်ကန်ကျေးရွာအနီး ကျောက်ဖြစ်ရုပ်ကြွင်းများအား ယဉ်ကျေးမှုဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားတွင် ဗိုလ်မှူးချုပ်သန်းထွန်းနှင့် အလှူရှင်ဦးမြင့်အောင်၊ ဒေါ်ဝင်းတို့က ကျောက်ဖြစ်ရုပ်ကြွင်းများကို စာရင်းဇယားများနှင့်အတူ လွှဲပြောင်းပေးအပ်ရာ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်က လက်ခံယူစဉ်။ (သတင်းစဉ်)

မကွေးမြို့နယ် တယ်ပင်ကန်ကျေးရွာအနီးတစ်ဝိုက်မှတွေ့ရှိစုဆောင်းထားသည့် ကျောက်ဖြစ်ရုပ်ကြွင်းများအား ယဉ်ကျေးမှုဝန်ကြီးဌာနသို့လွှဲပြောင်းပေးအပ်

ရန်ကုန် စက်တင်ဘာ ၁၇

မကွေးတိုင်း မိချောင်းရဲမြို့ ပန်းဘဲရပ်ကွက်နေ ဦးမြင့်အောင်နှင့် ဒေါ်ဝင်းတို့က မကွေးတိုင်း မကွေးမြို့နယ် တယ်ပင်ကန်ကျေးရွာအနီးတစ်ဝိုက်မှ တွေ့ရှိစုဆောင်းထားသည့် ကျောက်ဖြစ်ရုပ်ကြွင်းများအား ပုံတောင်ကျောက်ဖြစ်ရုပ်ကြွင်း ရှာဖွေရေးအဖွဲ့၏ အစီအစဉ်ဖြင့် ယဉ်ကျေးမှုဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အမျိုးသားပြတိုက်၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်၊ ပုံတောင်ကျောက်ဖြစ်ရုပ်ကြွင်း ရှာဖွေရေးအဖွဲ့ အဖွဲ့ခေါင်းဆောင် တပ်မတော်ထောက်လှမ်းရေးဌာနချုပ်ရုံးမှ ဌာနကြီးမှူး ဗိုလ်မှူးချုပ်သိန်းဆွေ၊ ယဉ်ကျေးမှုဝန်ကြီးဌာန ယဉ်ကျေးမှု ဗိမာန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးမြင့်သိန်းဆွေနှင့် တာဝန်ရှိသူများ၊ ပုံတောင်ကျောက်ဖြစ် ရုပ်ကြွင်းရှာဖွေရေးအဖွဲ့ အဖွဲ့ဝင် ရန်ကုန်တက္ကသိုလ်ဘူမိဗေဒဌာနမှ ပါမောက္ခ/ဌာနမှူး ဒေါက်တာတင်သိန်းနှင့် အလှူရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဗိုလ်မှူးချုပ်သန်းထွန်းနှင့် အလှူရှင် ဦးမြင့်အောင်၊ ဒေါ်ဝင်းတို့က ကျောက်ဖြစ်ရုပ်ကြွင်းများကို စာရင်းဇယားများနှင့်အတူ လွှဲပြောင်းပေးအပ်ရာ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကားပြောကြားသည်။

အဆိုပါ မကွေးမြို့နယ် တယ်ပင်



ယဉ်ကျေးမှုဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်သော မကွေးမြို့နယ် တယ်ပင်ကန်ကျေးရွာအနီးမှ ကျောက်ဖြစ်ရုပ်ကြွင်းများကို တွေ့ရစဉ်။ (သတင်းစဉ်)

ကန်ကျေးရွာ အနီးတစ်ဝိုက်မှ တွေ့ရှိစုဆောင်းထားသည့် ကျောက်ဖြစ်ရုပ်ကြွင်းများတွင် တောင်ဆိတ်၊ တောဝက်၊ အသားစားသတ္တဝါ၊ စတီဂိုဒွန်ဆင်၊ကြံ့၊သစ်ကုလားအုပ်နှင့် မိကျောင်းတို့၏ မေးရိုးနှင့်သွားများ၊ ဆင်စွယ်အပိုင်းများ၊ ဦးချိုများ၊ ဦးခေါင်းများနှင့် လိပ်၏အရိုးမာချပ်ပြားများ အပါအဝင် ကျောက်ဖြစ်ရုပ်ကြွင်းအမျိုးအစား ၂၀ ခန့် ပါဝင်ကြောင်း သိရသည်။

(သတင်းစဉ်)

စူပါသတင်းဂျာနယ်ဖြန့်ချိ

ရန်ကုန် စက်တင်ဘာ ၁၇

တင်မိုးလွင်ပြောသော အောင်မြင်သည့် မြန်မာအမျိုးသမီးတစ်ယောက်ဖြစ်ဖို့ဆိုတာ၊ ပရိသတ်တွေ သိချင်နေတဲ့ ကိုရီးယားရုပ်ရှင်မင်းသားရောင်ဟိုအကြောင်း၊ ရုပ်ရှင် ဗီဒီယိုသရုပ်ဆောင် သုန္ဒြေဦးပြောတဲ့ သရုပ်ဆောင် တစ်ယောက်ရဲ့ခံစားချက်၊ ဒွေးမောင်နံ့ရဲ့ အနုပညာ စီးပွားရေး၊ ခိုင်သင်းကြည် သမီးလေးပရိသတ်ရှေ့ထွက်ပြီ၊ ရုပ်ရှင်လောကရောက် ဟာသစာရေးဆရာ အကြည်တော်၊ သမိန်ပေါသွပ်ခင်လှိုင်၊ ရွှေဇီးကွက်ရဲ့ ဒုတိယ ခြေလှမ်း၊ ၂၁ရာစုစင်ဒရဲလား ပုံပြင်ထဲက မင်းသမီးလေးအဖြစ် ဟောလိဝုဒ်ရုပ်ရှင်လောကတွင်ထင်ရှားနေသော ရုပ်ရှင်သရုပ်ဆောင်နှင့် အဆိုတော်ဟီလာရီဒပ်(ဖ်)စသော ပြည်တွင်း၊ ပြည်ပ ရုပ်ရှင်၊ ဂီတ စူပါအနုပညာရှင်တို့၏ အတွေးအမြင် အယူအဆ ဘဝနှင့် အလှပုံရိပ်များ အပါအဝင် ရုပ်ရှင်သရုပ်ဆောင်မျိုးသန္တာထွန်း၏စတိုင်လ်အလှရောင်စုံ ဓာတ်ပုံတို့ဖြင့် စူပါသတင်း ဂျာနယ်ကို ဆင်တောင်ကြီးစာပေ အမှတ်၄၁ ၂၉ လမ်း ရန်ကုန်မြို့က ဖြန့်ချိထားကြောင်း သိရသည်။ **(က-ပ)**

အေစီမီလန်၊အင်တာမီလန်နှင့်ဂျူဗင်းတပ်အသင်းများ စီးရီးအေ ဒုတိယပွဲစဉ် အကြိတ်အနယ်ယှဉ်ပြိုင်ကစားရမည်

သတင်းဆောင်းပါး – မောင်မောင်မြင့်ဆွေ

ရန်ကုန် စက်တင်ဘာ ၁၇

အီတလီ စီးရီးအေ ဘောလုံးပြိုင်ပွဲ ဒုတိယမြောက်ပွဲစဉ်များကို စက်တင်ဘာ ၁၉ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ရာ ဘိုလော့ဇ်နာနှင့် အေစီမီလန်၊အင်တာမီလန်နှင့် ပါလာမို၊ ဂျူဗင်းတပ်နှင့် အတ္တလန္တာ၊ လက်ချီနှင့်ဘရက်ရှား ပွဲစဉ်တို့ အပါအဝင် ပွဲစဉ်ပေါင်း ၁၀ပွဲကစားကြရမည်ဖြစ်သည်။

ဘိုလော့ဇ်နာနှင့်အေစီမီလန်

ပြီးခဲ့သည့်နှစ် စီးရီးအေပွဲစဉ်စာရင်းပိတ်ချိန်တွင် အဆင့် ၁၂ ရရှိခဲ့သော ဘိုလော့ဇ်နာနှင့် လက်ရှိ ချန်ပီယံ အေစီမီလန်တို့ ဘိုလော့ဇ်နာကွင်း ဒယ်အေရာ၌ စက်တင်ဘာ ၁၉ ရက်တွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်ရာ အိမ်ကွင်း၌ ခြေစွမ်းပြကစားနိုင်သည့် ဘိုလော့ဇ်နာတို့ကို ချန်ပီယံ အေစီမီလန်တို့ ခက်ခက်ခဲခဲကစားရမည်ဖြစ်သည်။ ဘိုလော့ဇ်နာနှင့် အေစီမီလန်တို့ ယခင်က သုံးကြိမ်တွေ့ဆုံခဲ့ကြဖူးရာ အေစီမီလန်က နှစ်ပွဲနိုင်ပြီး ဘိုလော့ဇ်နာက တစ်ပွဲနိုင်ခဲ့ဖူးသည့် ရလဒ်ရှိထားသည်။

ဘိုလော့ဇ်နာ အသင်း၏ ယခုနှစ် ခြေစွမ်းမှာ အားရဖွယ်မရှိရာ အသစ်ပြောင်းရွှေ့လာသည့် ဇာဂိုရာကစ်မှာလည်း ခြေစွမ်းမပြနိုင်ဘဲရှိရာ အေစီမီလန်ကို အနိုင်ရရန် မလွယ်ပေ။ အေစီမီလန်အသင်းမှာ ချန်ပီယံလိဂ် ပထမပွဲစဉ်တွင် အိမ်ကွင်း၌ပင် လီဇော်နိုကို သရေကစားပြီး တစ်မှတ်သာ ရရှိခဲ့သဖြင့် ယခုပွဲ၌ အဝေးကွင်းတွင်ဖြစ်သော်လည်း ဘိုလော့ဇ်နာကို အနိုင်ကစားတော့မည်ဖြစ်သည်။

အေစီမီလန်အသင်း လူသစ်များဖြစ်သည့် ခရက်စပို၊စတမ်းနှင့် ဒါရိဆိုတို့ကလည်း အသင်းတွင် အံဝင်ခွင်ကျ ကစားနိုင်သည်ဖြစ်ရာ ရှေ့နောက်နှင့် ကွင်းလယ်တွင်ပါ အေစီမီလန်တို့က သာလွန်နေသဖြင့် ဘိုလော့ဇ်နာကို အေစီမီလန်တို့ အနိုင်ယူပြီး သုံးမှတ်အပြည့်ယူမည့်အနေအထား ရှိနေသည်။

အင်တာမီလန်နှင့်ပါလာမို

ပြီးခဲ့သည့်နှစ် စီးရီးအေရာသီတွင် အဆင့်လေး ရရှိထားခဲ့သည့် အင်တာမီလန်နှင့် ယခုနှစ်မှ အတန်းတက်လာသည့် ပါလာမိုအသင်းတို့ အင်တာမီလန်ကွင်း ဆန်စီရို၌ စက်တင်ဘာ ၁၉ ရက်တွင် ကစားရမည် ဖြစ်သည်။

အင်တာမီလန်တို့ စီးရီးအေ ပထမပွဲ၌ ချီယေဗိုနှင့် ကစားခဲ့ရာတွင် နှစ်ဂိုးစီသရေကျပြီး တစ်မှတ်သာ ရရှိထားသဖြင့် လူသစ်တန်းပါလာမိုကို အနိုင်ကစားမည်ဖြစ်သည်။ ယခင်နှစ် စီးရီးဘီတွင် နံပါတ်တစ်ချိတ်ခဲ့သည့် ပါလာမိုမှာ အိမ်ကွင်း ရလဒ်ကောင်းသည့် အစဉ်အလာရှိသော အသင်းဖြစ်သဖြင့် အင်တာမီလန်တို့ အနိုင်ရရှိရန် အသည်းအသန် ကြိုးစားကစားရမည်ဖြစ်သည်။

အင်္ဂလန် ပရီမီးယားလိဂ် ထိပ်တန်းအသင်းများဖြစ်သည့် မန်ချက်စတာယူနိုက်တက်နှင့် ချယ်လ်ဆီး အသင်းတို့တွင် ခြေစွမ်းပျောက်နေသော ဗီရွန်မှာ အင်တာမီလန်တွင် ခြေစွမ်းပြကစားနိုင်ပြီး တိုက်စစ်တွင် လိုက်ပါ ထိုးဖောက်ကစားနိုင်သည်။ အင်တာမီလန် အလယ်တန်းမှ ဒါးဗစ်နှင့် စတန်ကိုဗစ်တို့ကလည်း ကွင်းလယ်ကစားကွက်ကို စိုးမိုးထိန်းချုပ်ကစားနိုင်သည့်အပြင် တိုက်စစ်မှူးများထံ ဘောလုံးပေးပို့မှု သေသပ်တိကျသဖြင့် အင်တာမီလန်တို့ ခြေအသာဖြင့် အနိုင်ရဖွယ်ရှိသည်။

ပါလာမိုအသင်းမှာ စီးရီးအေ ပထမပွဲစဉ်၌ ဆီနာအသင်းကိုတစ်ဂိုး–ဂိုးမရှိဖြင့်အနိုင်ယူထားခဲ့ပြီးပါလာမို တိုက်စစ်မှူး လူကာတိုနီမှာလည်း ဂိုးသွင်းစွမ်းရည်ထက်မြက်လျက်ပင်ဖြစ်နေရာ ပထမပွဲစဉ်၌ တစ်ဂိုးသွင်းထားနိုင်ခဲ့သည်။ အတန်းတက် ပါလာမို အသင်းမှာ ခြေစွမ်းထက်မြက်လာသည့် အသင်းဖြစ်သော်လည်း အမှတ်ပေးချန်ပီယံ ၁၃ကြိမ်နှင့် ကိုပါအီတလီဖလား သုံးကြိမ်ရခဲ့ဖူးသည့် အင်တာမီလန်ကို ပညာနှင့်သမ္မာတွင် မယှဉ်နိုင်သည်ဖြစ်ရာ အင်တာမီလန်တို့ အနိုင်ရပြီး သုံးမှတ်အပြည့် ယူမည့်ပွဲဖြစ်သည်။

အီတလီစီးရီးအေ ပထမပွဲစဉ်အဖြစ် အင်တာမီလန်နှင့် ချီယေဗိုတို့ ယှဉ်ပြိုင်ကစားခဲ့သည့်ပွဲတွင် အင်တာမီလန် ကွင်းလယ်ကစားသမား ဗီရွန်(အလယ်) ထိုးဖောက်ကစားစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ဂျူဗင်းတပ်နှင့်အတ္တလန္တာ

ယခင်နှစ်စီးရီးအေပြိုင်ပွဲ၌ အဆင့်သုံးရရှိခဲ့သော ဂျူဗင်းတပ်နှင့် အတန်းတက်အတ္တလန္တာတို့ ဂျူဗင်းတပ်ကွင်း ဒယ်လီအယ်ပီ၌ စက်တင်ဘာ ၁၉ရက်တွင် ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။ အမှတ်ပေး ချန်ပီယံ ၂၇ကြိမ်ရရှိခဲ့ဖူးပြီး ကိုပါ အီတလီဖလားကိုးကြိမ်ရရှိခဲ့သည့် ဂျူဗင်းတပ်အသင်းမှာ စီးရီးအေ ပထမပွဲ၌ လီဇော်နိုကို အနိုင်ရရှိခဲ့သဖြင့် စီးရီးအေတန်းစီဇယားတွင် ထိပ်ဆုံး၌ ရောက်ရှိနေသည့်အသင်း ဖြစ်သည်။

အိမ်ကွင်း၌ အသင်းကြီးများကိုပင် အနိုင်ရရှိအောင် ကစားနိုင်သည့် အတ္တလန္တာအသင်း ပြီးခဲ့သည့်နှစ်က အိမ်ကွင်းတွင် ၂၃ပွဲကစားခဲ့ရာ ၁၁ပွဲနိုင်ပြီး ၁၀ပွဲသရေကျကာ နှစ်ပွဲရှုံးထားခဲ့သဖြင့် အိမ်ကွင်း၌ ခြေမာသော အသင်းလည်း ဖြစ်သည်။ ဂျူဗင်းတပ်အသင်းတွင် ထရက်ဇီဂေးဂိုးသွင်းအားကောင်းပြီး ခြေစွမ်းလည်းပြနိုင်သည်။

ဂျူဗင်းတပ်နှင့် အတ္တလန္တာတို့ ယခင်က သုံးကြိမ်ယှဉ်ပြိုင်ကစား ခဲ့ရာ သုံးကြိမ်စလုံး ဂျူဗင်းတပ်က အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ အတ္တလန္တာတို့ အနေဖြင့် အနိုင်ရလိုမှု ပြင်းပြနေသည့် ဂျူဗင်းတပ်တို့ကို အနိုင်ရရှိရေးအတွက် လက်ရှိ ခြေစွမ်းထက် ပိုမိုအားထုတ်ကစားရမည်ဖြစ်သည်။

ဂျူဗင်းတပ်အသင်း ကွင်းလယ်ကစားကွက်ကို စိုးမိုးနိုင်ပြီး ရှေ့တန်း၊ အလယ်တန်းနှင့်နောက်တန်းရှိ ကစားသမားများအားလုံးအနိုင်ရရှိရေး စိတ်ဓာတ်ပြင်းပြနေသဖြင့် အိမ်ကွင်း၌ အတ္တလန္တာကို ဂိုးပြတ်သွင်းအနိုင်ရယူမည်ဖြစ်သည်။

အတ္တလန္တာအသင်းမှာ ကိုပါအီတလီဖလား တစ်ကြိမ်ရရှိခဲ့ဖူးသည်မှလွဲပြီး ကျန်အောင်မြင်မှုများ မရရှိခဲ့ဖူးသော်လည်း အိမ်ကွင်း၌ ရလဒ်ကောင်းသည့်အသင်းဖြစ် အသစ်ခေါ်ယူ အားဖြည့်ထားသော ကာမီနီ၊ အီဂါနှင့် အယ်ဘာတီနီတို့ကို အားထားပြီး အနိုင်ရအောင် ကစားမည်ဖြစ်သလို စီးရီးအေပထမပွဲစဉ်၌လည်း အိမ်ကွင်းတွင် လက်ချီကို သရေကျအောင် ကစားနိုင်ခဲ့ရာ ဂျူဗင်းတပ်တို့ အနိုင်ရရှိရေးအတွက် ဖိဖိစီးစီးကစားမှသာ အနိုင်ရဖွယ်ရှိနေသည်။

လက်ချီနှင့်ဘရက်ရှား

ယခင်နှစ်စီးရီးအေ၌ အဆင့်၁၀ ရရှိခဲ့သော လက်ချီနှင့် အဆင့်၁၁ ရရှိခဲ့သော ဘရက်ရှားအသင်းတို့ လက်ချီကွင်း ဗီရာဒယ်မယ်တွင် စက်တင်ဘာ ၁၉ရက်၌ ကစားရမည်ဖြစ်သည်။ အဝေးကွင်းနှင့် အိမ် ကွင်းတွင်ပါ ပုံမှန်ခြေရှိနေသော လက်ချီအသင်း စီးရီးအေ ပထမပွဲစဉ်တွင် အဝေးကွင်း၌ အတ္တလန္တာနှင့် နှစ်ဂိုးစီသရေကျခဲ့ပြီး တစ်မှတ်သာ ရရှိထားသဖြင့် ယခုပွဲ အိမ်ကွင်း၌ ဘရက်ရှားကို အနိုင်ကစားမည် ဖြစ်သည်။

လက်ချီနည်းပြ ဇီမန်းက ယခုနှစ်တွင် ပီနာဒီ၊ ဒယ်လာဘိုနာ၊ ဆီချီယာဒိုနှင့် ဆက်ဆီတီတို့ကို အသစ်ခေါ်ယူအားဖြည့်ထားရာ ခြေစွမ်း တည်ငြိမ်ကောင်းမွန်နေပြီး အီတလီ ယူ–၂၀ မှ ပီနာဒီသည် လက်ချီကွင်းလယ်ကစားကွက်ကို ထိန်းချုပ်ကာ ခြေစွမ်းပြနိုင်သူဖြစ်သည်။

ဘရက်ရှားအသင်းမှာ အိမ်ကွင်းရော အဝေးကွင်းတွင်ပါ ခြေစွမ်းမပြနိုင်သည်ဖြစ်ရာ စီးရီးအေ ပထမပွဲစဉ် အိမ်ကွင်း၌လည်း ဂျူဗင်းတပ်၏ သုံးဂိုးပြတ်အသွင်းခံရပြီးရှုံးနိမ့်ခဲ့သည်ဖြစ်၍ ယခုနှစ် စီးရီးအေတာထွက်ရလဒ် မကောင်းချေ။ အင်တာမီလန်အသင်းမှ အသစ်ခေါ်ယူထားသောအာဂျင်တီးနား ကွင်းလယ်ကစားသမားအယ်လ်မေးဒါးနှင့် အီတလီလက်ရွေး စင်အသင်းမှ တိုက်စစ်မှူး စကူလီ တို့ကို အားကိုးအားထားပြုပြီး ကစားမည်ဖြစ်သော်လည်း ကစားကွက် အထိုင်မကျသေးချေ။

ဘရက်ရှားတို့ စီးရီးအေ ပထမပွဲစဉ်ကို အိမ်ကွင်း၌ ကစားခဲ့ရာ ခြေစွမ်းမှာ အားရဖွယ်မရှိဘဲ လက်ရှိခြေစွမ်းအတိုင်း ဆက်သွားပါက တန်းမဆင်းရအောင်ပင် အသည်းအသန် ကြိုးစားရမည့်အခြေအနေရှိနေသည်။ လက်ရှိ စီးရီးအေ၌ တစ်ပွဲစီကစားပြီးချိန်တွင် လက်ချီက အဆင့်၁၀ နှင့် ဘရက်ရှားက အဆင့်၂၀တွင်ရှိနေသည်။

လက်ချီနှင့် ဘရက်ရှားတို့ ယခင်ကသုံးကြိမ် ဆုံတွေ့ခဲ့ဖူးပြီး သုံးကြိမ်စလုံးဘရက်ရှားက အနိုင်ရရှိခဲ့သော မှတ်တမ်းရှိနေသော်လည်း လက်ရှိတွင် ခြေစွမ်းထက်မြက်လာသော လက်ချီကို ဘရက်ရှားတို့ အနိုင်ရရှိရန် မလွယ်ပေ။ အိမ်ကွင်း၌ လက်ချီတို့ သုံးမှတ်အပြည့်ယူပြီး အောင်ပွဲရရှိအောင်ကစားသွားမည်သာဖြစ်သည်။ ။

(မြန်မာ့အလင်း)

ပထမတန်းကွင်းဖွင့်ဖလားဘောလုံးပြိုင်ပွဲ စီးပွား/ ကူးသန်း(ခ)အသင်းအနိုင်ရရှိ

ရန်ကုန် စက်တင်ဘာ ၁၇

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၄–၂၀၀၅ခုနှစ် ဘောလုံးရာသီ ပထမတန်း ကွင်းဖွင့်ဖလားဘောလုံးပြိုင်ပွဲကို စက်တင်ဘာ ၁၅ရက် ညနေ ၃နာရီခွဲက စမ်းချောင်းမြို့နယ် ပဒုမ္မာအားကစားကွင်း၌ ဆက်လက်ကျင်းပရာ စီးပွား/ကူးသန်း(ခ)အသင်းက တပ်မတော်ကြည်း(ခ) အသင်းကို နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

စီးပွား/ကူးသန်း(ခ)အသင်းအတွက် ပထမဂိုးကို ပွဲချိန်၁၅မိနစ်တွင် စောမူပလူတူးက လည်းကောင်း၊ ဒုတိယဂိုးကို ပွဲချိန်၈၈မိနစ်တွင် စောဒိုစိုးက လည်းကောင်း သွင်းယူပေးသည်။ အုပ်စု(ဃ)၌ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းအသင်းက တစ်ပွဲနိုင် (၃)မှတ်၊ စီးပွား/ကူးသန်း(ခ)အသင်းက တစ်ပွဲနိုင်(၃)မှတ် ရရှိထားပြီး ကြယ်ပွင့်လေးများအသင်းနှင့် တပ်မတော်ကြည်း (ခ)အသင်းတို့က တစ်ပွဲစီရှုံး အမှတ်မရသေးပေ။

ခေတ္တရပ်နား

ပထမတန်း ကွင်းဖွင့်ဖလားဘောလုံးပြိုင်ပွဲကို ခေတ္တရပ်နားထားပြီး စက်တင်ဘာ ၂၇ရက်တွင် ပြန်လည်ကျင်းပမည်ဖြစ်ကြောင်းသိရသည်။

(မြန်မာ့အလင်း)

အဆင့်မြင့်တန်းအမှတ်ပေးဘောလုံးပြိုင်ပွဲဆက် တံခွန်အသင်းကပို့ဆောင်ရေးအသင်းကိုအနိုင်ရရှိ

ရန်ကုန် စက်တင်ဘာ ၁၇

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၄–၂၀၀၅ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၄နာရီက လှုင်ယာအားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်း၌ ဆက်လက်ကျင်းပရာ တံခွန်အသင်းက ပို့ဆောင်ရေးအသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

တံခွန်အသင်းသည် လူငယ်အများစုပါဝင်ပြီး ပွဲအစမှအဆုံး ကြံခိုင်မှုနှင့် သက်လုံမကျဘဲ ကစားကာ ထိုက်ထိုက်တန်တန် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ တံခွန်အသင်းအတွက် ဦးဆောင်ဂိုးကို ပွဲချိန်မိနစ်၂၀တွင် ပို့ဆောင်ရေးအသင်း ဂိုးဧရိယာဘယ်ကြောမှ သူရိန်စိုးက လှလှပပကန်သွင်းယူခဲ့သည်။ ပထမပိုင်း အပြီးတွင် တံခွန်အသင်းက တစ်ဂိုးအသာဖြင့် ဦးဆောင်နေသည်။

ဒုတိယပိုင်း

ဒုတိယပိုင်းတွင် ပို့ဆောင်ရေးအသင်းက ချေပဂိုးရရှိရေး တင်ကစားလာရာ ပွဲမှာအကြိတ်အနယ်ရှိလာသည်။ ပို့ဆောင်ရေးအသင်းအတွက် ချေပဂိုးကို ပွဲချိန် ၆၉မိနစ်တွင် ညီညီအောင်က ခေါင်းတိုက်သွင်းယူသည်။ တံခွန်အသင်းအတွက် ဒုတိယဂိုးနှင့် အနိုင်ဂိုးကို ပွဲချိန်၇၉မိနစ်တွင် သူရိန်စိုး ကပင် ခေါင်းတိုက်သွင်းယူသည်။ သူရိန်စိုးသည် ယနေ့ပွဲတွင် တစ်ဦးတည်း နှစ်ဂိုး သွင်းယူကာ ခြေစွမ်းပြကစားသွားသည်။

ယနေ့ပွဲ

စက်တင်ဘာ ၁၈ရက်**(ယနေ့)** ညနေ ၄နာရီတွင် လှုင်ယာအားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်း၌ သစ်တောရေးရာအသင်းနှင့် ပြည်ထဲရေးအသင်း၊ အောင်ဆန်းအားကစားပြိုင်ကွင်း၌ ဘဏ္ဍာ/အခွန်အသင်းနှင့် ကမ္ဘောဇအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

(မြန်မာ့အလင်း)

ကာယဗလမောင်နှင့် ကာယအလှမယ် ပြိုင်ပွဲကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁၇

ရန်ကုန်တိုင်း ကာယဗလနှင့် ကာယအလှ ဆပ်ကော်မတီနှင့် ဒေဝယက္ခဆေးတိုက်တို့ ပူးပေါင်းစီစဉ်ကျင်းပမည့် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား မိုးရာသီဖိတ်ခေါ်ကာယဗလမောင်နှင့် ကာယအလှမယ်ပြိုင်ပွဲနှင့် ၂၀၀၄ ခုနှစ် ပြည်နယ်နှင့်တိုင်း ကာယဗလမောင်နှင့် ကာယအလှမယ်ပြိုင်ပွဲတို့အတွက် ရန်ကုန်တိုင်း လူရွေးပွဲကို အောက်တိုဘာ ၂ရက် နံနက် ၁၁နာရီ စတင်၍ ဝိုင်အမ်စီအေခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် ကာယဗလမောင်နှင့် ကာယအလှမယ်များကို လူသစ်တန်း၊ အငယ်တန်းနှင့် အကြီးတန်းဟူ၍ ခွဲခြားထားပြီး ပြိုင်ပွဲဝင်လိုသူများသည် စက်တင်ဘာ ၃၀ရက်နောက်ဆုံးထား၍ စာရင်းပေးသွင်းကြရမည်ဖြစ်သည်။

အသေးစိတ် အချက်အလက်များ သိလိုပါက အတွင်းရေးမှူး ဦးကျော်စိန်သန်း အောင်ဆန်းအားကစားပြိုင်ကွင်း (အထူးတန်း) ဖုန်း–၃၇၄၅၀၂သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ကမ္ဘာတစ်လွှားအားကစား

အမျိုးသမီးဘတ်စကက်ဘောပြိုင်ပွဲ လေဘာတီအသင်းအနိုင်ရရှိ

နယူးယောက် စက်တင်ဘာ ၁၇

နယူးယောက်မြို့ ရေဒီယိုစီးတီးခန်းမ၌ အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲများကို စက်တင်ဘာ ၁၆ရက်က ကျင်းပသည်။

ယင်းဘတ်စကက်ဘောပြိုင်ပွဲတွင် လေဘာတီအသင်းက အင်ဒီယာနာဖီဗာအသင်းအား ၇၇–၇၁ မှတ်ဖြင့် အနိုင်ရရှိသွားသည်။

အဆိုပါ ဘတ်စကက်ဘောပြိုင်ပွဲတွင် နယူးယောက် လေဘာတီအသင်းနှင့် အင်ဒီယာနာဖီဗာအသင်းတို့သည် တစ်ဖက်နှင့်တစ်ဖက် အကြိတ်အနယ် ယှဉ်ပြိုင်ခဲ့ကြရာ နယူးယောက် လေဘာတီအသင်းမှ ဘက်တာနီ ဒေါ်နာဖင် (ကျောနံပါတ် ၄၁)က အင်ဒီယာနာဖီဗာအသင်းမှ နာတယ် လီဝီလီယပ် (ကျောနံပါတ် ၁၂)ကို ကျော်ဖြတ်ကာ ဘောလုံးကို သွင်းယူရန်ကြိုးစားစဉ်။ **(ယာပုံ)**

(အင်တာနက်)

အရှင်ပညာသီဟာဘိဝံသ၏ တော်သလင်းလဓမ္မသဘင်

ရန်ကုန် စက်တင်ဘာ ၁၇

အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အရှင်ပညာသီဟာဘိဝံသ (ပဋ္ဌာနိကာယ်) သ-စ-အ ဓမ္မာစရိယ၊ ဝိနယပါဠိပါရဂူဆရာတော်သည် ဒဂုံမြို့သစ်(တောင်ပိုင်း) လေးဒေါင့်ကန် အမှတ်(၁)စစ်မှုထမ်းဟောင်း စံပြရွာ သိရီဂုဏ်ဝေ ဓမ္မဗိမာန်၌ နံနက်၉နာရီတွင် သီလပေးနှင့်အောင်ခြင်းရှစ်ပါးတရားတော်၊ တောင်ဥက္ကလာပမြို့နယ် သုရလမ်း(၉)ရပ်ကွက်လူထုဓမ္မာရုံ၌ မွန်းလွဲ၂နာရီတွင် နေ့တရားပွဲနှင့် ကမာရွတ်မြို့နယ် အင်းစိန်လမ်း အင်းလျားရွာသစ်ကျောင်း၌ ညနေ ၃နာရီတွင် ဘာဝနာခရီးလမ်း တရားတော်များကို တော်သလင်းလ ဥပုသ်နေ့တိုင်းဟောကြားမည်ဟု သိရသည်။ **(က-ပ)**

နေလသမဝါယမအသင်း အရပ်ရပ်ဆိုင်ရာစည်းဝေး

ရန်ကုန် စက်တင်ဘာ ၁၇

သန်လျင်မြို့နယ် နေလအထွေထွေကုန်ပစ္စည်းထုတ်လုပ်ရောင်းဝယ်ရေးသမဝါယမအသင်းလီမိတက်၏(၂၀၀၃-၂၀၀၄) နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယနေ့မွန်းတည့် ၁၂နာရီက သန်လျင်မြို့နယ် မြတ်ရတနာအိမ်ရာစီမံကိန်း အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်သမဝါယမဦးစီးအရာရှိ ဦးခင်မောင်သိန်းနှင့်တာဝန်ရှိပုဂ္ဂိုလ်များ၊ နေလသမဝါယမအသင်းဥက္ကဋ္ဌဦးမြင့်ဦး၊ ဒါရိုက်တာအဖွဲ့ဝင်များနှင့် အသင်းသားများ တက်ရောက်ကြပြီး ဘဏ္ဍာရေးရှင်းတမ်းများ၊ ဒါရိုက်တာအဖွဲ့၏ အစီရင်ခံစာများကို အတွင်းရေးမှူး ဒေါ်သန္တာခိုင်က ဖတ်ကြားတင်ပြသည်။ **(က-ပ)**

ရက်(၁၀၀)ပြည့်မွေးနေ့မင်္ဂလာဆုမွန်လွှာ

၁၈-၉-၂၀၀၄ရက်တွင် ကျရောက်သော အချစ်ဆုံးသားဦး "ဖွဲထက်ဝင်း"၏ ရက်(၁၀၀)ပြည့် မွေးနေ့မှသည် နောင်နှစ်ပေါင်း(၁၂၀)တိုင် ဖေဖေ၊ မေမေတို့နှင့်အတူ ပျော်ရွှင်ဖွယ်မွေးနေ့ပေါင်းများစွာကို ဖြတ်သန်းနိုင်ပြီး ထူးချွန်ထက်မြက်သည့် သားကောင်းရတနာလေးတစ်ဦးဖြစ်ပါစေ။

နှစ်ဖက်သောဘိုးဘိုး-ဘွားဘွားများနှင့်
ချစ်ဖေဖေ ဦးသက်ဇော် - ချစ်မေမေ ဒေါ်နေရည်ဝင်း

ဇင်ယော်နီ၏ ယတြာလမ်း

ထွက်ပြီ

Yangon's Newest Restaurant
(for Local Service Only)
Serving Asian Cuisine opening soon . We are seeking energetic and enthusiastic people to join our team for the following positions.

Management Positions

Restaurant Manager /Asst. Restaurant Manager / F& B Manager
Personal Assistant / Secretary /Accountant

- Age 30 - 45
- Min 5 years of relevant experience
- Good Managerial Skills and Communication Skills
- Professional verbal and written English is a must.

Other Positions (Walk in interviews for the following positions)

Chief Bartender / Bartenders / Captain / Wait Staff / Cashiers / Receptionists
- Age 25 – 35
- Min 2 years of relevant experience
- Outgoing personality and pleasant appearance
- Good knowledge of Spoken & Written English

Asst. Chef / Cooks / Kitchen Helpers
- Age 25 – 35
- Min 2 years of relevant experience

Walk in interview: Date :21/9 /04 ,22/9/04, 23/9/04 (between 9 am to 12 noon)
Address: No.1, Shwe Li Road, Kamayut Tsp, Yangon.

Interested candidates can send CV ,recent photo, all relevant documents together with Labor Registration Card to P.O.Box No. 740. Closing Date: 30th Sep 2004.

သာယာမိုးစွေစာပေ = အမှတ် ၁၁၁၊ ၃၃ လမ်း၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၅၃၅၁၉

KARAOKE LOUNGE

No.7, Saya San Road, Bahan Township, Yangon.
For Reservation Tel: 548528, 543162, 543163

MCC ၏ လက်တွေ့အကျိုးရှိ ထိထိမိမိ သင်တန်းများ

- Company Accountant Course ၁၅ပတ် -(၁၈၀၀၀ိ/-)
- Business English Course ၁၃ပတ် - (၁၀၀၀၀ိ/-)

ရွှေမန်းအောင်
ချွေးထုတ် ငန်းဆေး
အအေးမိ-ခေါင်းကိုက် ကိုယ်လက်ကိုက်ခဲခြင်းများနှင့် တုတ်ကွေးများများကို ပျောက်ကင်းစေပါသည်။

ကျေးလက်သတင်းနှင့် မြင်ကွင်း

ဘိုကလေးမြို့နယ်၌ စပါးခင်းအတွင်း ငါးမျိုးများစိုက်ထည့်ပွဲကျင်းပ

ဘိုကလေး စက်တင်ဘာ ၁၅

ဖျာပုံခရိုင် ငါးလုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်မှု ဘိုကလေးမြို့နယ် ငါးလုပ်ငန်းဦးစီးဌာန၏ စီစဉ်ဆောင်ရွက်မှုဖြင့် စပါးခင်းများအတွင်းသို့ ငါးမျိုးများစိုက်ထည့်ခြင်းအခမ်းအနားကို စက်တင်ဘာ ၇ ရက်က ဘိုကလေးမြို့နယ် ကံစုကျေးရွာ စံပြစိုက်ခင်း ဧက ၁၀၀၌ ကျင်းပသည်။

အခမ်းအနား၌ ဖျာပုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးရဲထွဋ်၊ ခရိုင်ငါးလုပ်ငန်းဦးစီးမှူး ဦးအေးလွင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁) ဒုရဲမှူး ကိုကိုနိုင်၊ မြို့နယ်အတွင်းရေးမှူး ဦးအောင်လင်း၊ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ များ၊ မြို့နယ်ငါးလုပ်ငန်းဦးစီးမှူး ဦးသိန်းသန်းနှင့် ဝန်ထမ်းတို့က စပါးခင်းများအတွင်း ငါးမျိုးများစိုက်ထည့်ပွဲကျင်းပကြသည်။ **(အောက်ပုံ)(က–ပ)**

ကျုံပျော်မြို့နယ် သောင်ကြီး–ဒိုက်ပျက်လမ်း အပိုင်း(၃) ကျောက်ချောလမ်းခင်းလုပ်ငန်းအတွက် ကျောက်ကြီးများ စုဆောင်းထားရှိမှုကို ဩဂုတ် ၂၅ရက်က အမှုဆောင်အရာရှိ ဦးသန်းအေးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးခင်မောင်ဖြူတို့ ကွင်းဆင်းကြည့်ရှုကြစဉ်။ (မြို့နယ်စည်ပင်)

ဂန့်ဂေါမြို့နယ် ပွင့်ဦးဝေစာကြည့်တိုက်အသုံးပြုရန် ရုပ်မြင်သံကြား၊ ရေဒီယိုနှင့်စာအုပ်များပေးအပ်လှူဒါန်း

ဂန့်ဂေါ စက်တင်ဘာ ၁၁

ဂန့်ဂေါမြို့နယ် အညာတော ကျေးရွာ ပွင့်ဦးဝေ စာကြည့်တိုက်၌ အသုံးပြုရန် အများပိုင် ရုပ်မြင်သံကြား၊ ရေဒီယိုနှင့် စာအုပ်များလှူဒါန်းပွဲကို ဩဂုတ် ၂၂ရက်က ကျင်းပရာ ဂန့်ဂေါ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးအရာရှိ ဦးကျော်သန်းထွန်းက အမှာစကား ပြောကြားသည်။

ထို့နောက် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဦးဖေဝင်းက စာကြည့်တိုက်တွင်အများပိုင်အသုံးပြုရန် ရုပ်မြင်သံကြားတစ်လုံး၊ ရေဒီယိုတစ်လုံးနှင့် ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဦးစီးအရာရှိ ဦးကျော်သန်းထွန်းက စာအုပ်မျိုးစုံ အုပ် ၁၀၀ ကို လည်းကောင်း စာကြည့်တိုက် ကော်မတီ ဥက္ကဋ္ဌ ဦးသန်းမြင့်သို့ ပေးအပ်သည်။

(အပေါ်ပုံ)(၂၇၃)

မိုးနဲမြို့နယ်ကိုယ့်အားကိုယ်ကိုး သုခမိန်စာကြည့်တိုက်ဖွင့် ကျေးရွာဖွံ့ဖြိုးရေး ဆွေးနွေးဟောပြော

မိုးနဲ စက်တင်ဘာ ၈

ပြန်ကြားရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ ကျေးရွာများတွင် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ဖွင့်လှစ်နိုင်ရေးအလေးပေးဆောင်ရွက်လျက်ရှိရာ မိုးနဲမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကကြီးမှူး၍ စက်တင်ဘာ ၁ ရက်က မိုက်ဟိုင်းကျေးရွာအုပ်စု ဆိုင်းဖယ်ရွာတွင် ကိုယ့်အားကိုယ်ကိုး 'သုခမိန်' စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကျင်းပသည်။

အခမ်းအနားတွင် ဗိုလ်မှူးဝင်းထွဋ်က ကျေးရွာကိုယ့်အားကိုယ်ကိုး 'သုခမိန်' စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကျေးရွာဖွံ့ဖြိုးရေးအကြောင်း ဆွေးနွေးဟောပြောပွဲကိုကျင်းပရာ ဗိုလ်မှူးဝင်းထွဋ်နှင့်မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဦးအောင်သာတို့က ဆွေးနွေးဟောပြောကြသည်။

(မြို့နယ်ပြန်/ဆက်)

စက်တင်ဘာ ၄ရက်က မွန်ပြည်နယ် လမိုင်းမြို့တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်း အဖွဲ့များနှင့် ရပ်ကွက်ပြည်သူများ ပူးပေါင်း၍ ခန်းမဆောင်အဝင်လမ်းချဲ့ခြင်းနှင့် ချုံနွယ်များရှင်းလင်းခြင်းလုပ်ငန်းကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မြင့်လှိုင်နှင့် မြို့နယ်စည်ပင်သာယာတာဝန်ခံ ဦးခင်မောင်လွင်တို့ ကြီးကြပ် ဆောင်ရွက်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

မြန်မာ့အသံ

၁၈–၉–၂၀၀၄(စနေနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော်
(ဦးဥတ္တမသာရဆရာတော်ကြီး၏ အာဋာနာဋိယသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၀၉း၃၀ ခေတ်ပေါ်တေး
၀၉း၄၅ အာဆီယံအစီအစဉ်
၁၀း၀၅ အာယုနှင့် သာစုဆွေးနွေးခန်း
၁၁း၁၅ နိုင်ငံ့စီးပွားလုပ်ငန်းဌာနများ
(မိသားစုသုံး ကွန်ပျူတာ အကြောင်းသိကောင်းစရာ)
၁၁း၃၅ ရေဒီယိုမဂ္ဂဇင်း
(၁) ကောင်းရာညွှန်လတ် (ခေါင်းကြီး)
(၂) ချစ်တတ်ကြစေချင်ပါသည် (ဆောင်းပါး)
၁၂း၀၀ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းများ
၁၂း၃၀ ကလေးများအတွက် အင်္ဂလိပ်စာ
၁၃း၁၀ ပညာရေးအသံလွှင့်အစီအစဉ် (အထက်တန်း–ဓာတုဗေဒ)

ညနေပိုင်း

၁၇း၀၀ ၂၀၀၄ ခုနှစ် ဒွါဒသမအကြိမ် (၁၂ ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ပညာရှင်အဆင့်အမျိုးသမီးများ လေ့လာရန်(ခေတ်ဟောင်း၊ ကာလပေါ်တေး)
၁၇း၃၀ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းများ
၁၇း၄၅ ကျန်းမာကြံ့ခိုင်တို့မဏ္ဍိုင် (သွက်လက်ပေ့ါပါးလန်းဆန်းမှုကို အားကစားလှုပ်ရှားမှုက ပေးစွမ်းနိုင်သည်)
၁၈း၄၅ နေ့စဉ်သုံးအင်္ဂလိပ်စကားပို့ချချက် (မင်းကျော်မင်းမိသားစု)
၁၉း၁၅ မေတ္တာလက်ဆောင်ရတေးစီးရီး (ရာမတေးထုတ်လုပ်ရေးမှ မေတ္တာလက်ဆောင်ပေးပို့သော တင်ဝင်းလှိုင်၏ ရဝေရဝေတေးစီးရီး)
၂၀း၀၀ English Lesson Working Knowledge

–မြန်မာ့အသံအဖွဲ့မှ တေးသံစုံ

ကိုယ့်အားကိုယ်ကိုး မြတ်မိခင် စာကြည့်တိုက် တောင်ငူမြို့နယ်၌ အခမ်းအနားဖြင့်ဖွင့်

တောင်ငူ စက်တင်ဘာ ၁၀

တောင်ငူမြို့နယ် ပိတောက်ကုန်းကျေးရွာ၌ကိုယ့်အားကိုယ်ကိုး မြတ်မိခင် စာကြည့်တိုက်ဖွင့်ပွဲကို စက်တင်ဘာ ၄ရက်က ကျင်းပရာ မြို့နယ်အသင်း အတွင်းရေးမှူး ဦးတင်စိုးနှင့် ပိတောက်ကုန်းကျေးရွာဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။**(အောက်ပုံ)**

အဆိုပါ စာကြည့်တိုက်ဖွင့်လှစ်ပွဲတွင် ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးသန့်ဇင်၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတင်စိုးနှင့် မြို့နယ်တရားသူကြီး ဦးသန်းစိုးမြင့်တို့က နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်မှုများဆွေးနွေး ဟောပြောကြပြီး မဂ္ဂဇင်း၊ ဂျာနယ်၊ စာစောင်များ ပေးအပ်လှူဒါန်းကြသည်။

(ခရိုင် ပြန်/ဆက်)

ကျေးလက်ဒေသသောက်သုံးရေဖူလုံစွာရရှိရေး စက်ရေတွင်း လှူဒါန်းလိုသော စေတနာရှင်များလှူဒါန်းနိုင်

ရန်ကုန် စက်တင်ဘာ ၁၇

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအောက်ရှိ စည်ပင်သာယာရေးအဖွဲ့များသည် ပြည်နယ်နှင့် တိုင်းများရှိ ရေရှားပါးသည့် ကျေးလက်ဒေသများတွင် သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာရရှိရေးကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ရေရှားပါးသည့် ကျေးလက်ဒေသများ၌ စက်ရေတွင်းများ တူးဖော်ဆောင်ရွက်လျက်ရှိရာ စက်ရေတွင်းလှူဒါန်းလိုသော စေတနာရှင်များအနေဖြင့် နှစ်လက်မစက်ရေတွင်း အနက်ပေ ၂၀၀တစ်တွင်း စက်ပစ္စည်းစုံ ကျပ် ၂၅၀၀၀၀၊ နှစ်လက်မစက်ရေတွင်း အနက်ပေ ၄၀၀ တစ်တွင်း စက်ပစ္စည်းစုံ ကျပ် ၅၀၀၀၀၀၊ လေးလက်မ စက်ရေတွင်း အနက်ပေ ၂၀၀ တစ်တွင်း စက်ပစ္စည်းစုံ ကျပ် ၅၀၀၀၀၀နှုန်းဖြင့် လှူဒါန်းနိုင်သည်။

ဆက်သွယ်လှူဒါန်းနိုင်

စက်ရေတွင်းလှူဒါန်းလိုသူများသည် ညွှန်ကြားရေးမှူးချုပ် ဖုန်း– ၀၁–၂၄၅၄၂၀၊ ၂၅၃၀၈၈၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဖုန်း–၀၁–၂၄၀၁၁၈၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(အင်ဂျင်နီယာ) ဖုန်း–၀၁–၂၉၁၉၆၇၊ ညွှန်ကြားရေးမှူး(စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့)ဖုန်း–၀၇၁–၂၁၀၁၂၊ ညွှန်ကြားရေးမှူး(မကွေးတိုင်းစည်ပင်သာယာရေးအဖွဲ့)ဖုန်း–၀၆၃–၂၃၁၆၄၊ ညွှန်ကြားရေးမှူး(မန္တလေးတိုင်းစည်ပင်သာယာရေးအဖွဲ့) ဖုန်း–၀၂–၅၄၆၅၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(နယ်စပ်စည်ပင်)**

ကြည့်ရှုစစ်ဆေး

ဇန်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်သူနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမျိုးတို့ ဩဂုတ် ၂၃ ရက်က မံခွန်ကျေးရွာ နှစ်လက်မ စက်ရေတွင်း ပုံမှန်လည်ပတ်နိုင်မှု အခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ကျေးလက်ဒေသရေရရှိရေးလုပ်ငန်းများဆွေးနွေး

မြင်းမူ စက်တင်ဘာ ၂

မြင်းမူမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့နယ်အတွင်းရှိ ကျေးရွာများ အားလုံးတွင် ကျေးလက်ဒေသရေရရှိရေးလုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ကြံ့ခိုင်ထိန်းသိမ်းရေး လုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးပွဲကို ဩဂုတ်၂၀ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ခွေပြည်သစ်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူးက အမှာစကားပြောကြားပြီး တိုင်းညွှန်ကြားရေးမှူး ဦးခင်မောင်ဆွေက ကျေးလက်ဒေသရေရရှိရေးလုပ်ငန်းများ၊ ရေတွင်းနှင့် စက်ပစ္စည်းများ ကြံ့ခိုင်ထိန်းသိမ်းရေးနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားကြသည်။ **(၁၆၇)**

ဩဂုတ် ၅ရက်က မုံရွာမြို့ စက်မှုဇုန်တွင် ကျင်းပသည့် နိုင်ငံသားအရည်အချင်း ပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲတွင် မုံရွာခရိုင်ဦးစီးဌာနမှူး ဦးစိုင်းထွန်းဝေက နိုင်ငံသား စိစစ်ရေးကတ်ပြားများ ပေးအပ်စဉ်။ (က–ပ)

ဩဂုတ် ၂၄ရက်က ကရင်ပြည်နယ် မြဝတီမြို့နယ်မယ်ထော်သလေးကျေးရွာ၌ နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲ အခမ်းအနားကျင်းပရာ မြဝတီမြို့နယ်ဦးစီးမှူး ဦးစောချစ်သန်းက ကျေးရွာဥက္ကဋ္ဌ ဦးညွန့်မောင်ထံ နိုင်ငံသား စိစစ်ရေးကတ်ပြားများ ပေးအပ်စဉ်။ (က–ပ)

ပေါင်းတည်မြို့နယ် စည်ပင်သာယာရေးလုပ်ငန်းများဆောင်ရွက်မှု စည်ပင်သာယာရေးဦးစီးဌာန ဒုတိယအင်ဂျင်နီယာချုပ်ကြည့်ရှု

ပြည် စက်တင်ဘာ ၁၄

စည်ပင်သာယာရေးဦးစီးဌာန ဒုတိယအင်ဂျင်နီယာချုပ် ဒုတိယဗိုလ်မှူးကြီး ဝင်းဌေးသည် စက်တင်ဘာ ၁၁ရက်က ပေါင်းတည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံး၊ ရုံးလုပ်ငန်းများ၊ ရေပေးဝေမှုလုပ်ငန်းများ၊ ယာဉ်၊စက်ယန္တရားများ အခြေအနေ၊ မြို့မဈေးသန့်ရှင်းရေးနှင့် သား၊ ငါးရောင်းချမှုအခြေအနေ၊ အဖွဲ့ပိုင် ပျိုးဥယျာဉ် ပျိုးထောင်ထားမှု အခြေအနေနှင့် မြို့ပြလမ်းဖြစ်သော တာပွန်လမ်း ကျောက်ချောခင်းခြင်း၊ သဖန်းကုန်းကျေးလက် ကျောက်ချောလမ်းနှင့် ဂူကြီးရွာသစ် ကျေးလက်အိမ်ရာ ဆောက်လုပ်မှုလုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးကျော်ဆွေ၊ ပေါင်းတည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ကြိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်သူအောင်တို့က ရှင်းလင်းတင်ပြကြသည်။ **(အပေါ်ပုံ)** **(၄၀၃)**

ရေဖြူမြို့နယ်လပြည့်ဝန်းစာကြည့်တိုက်ဖွင့် ငွေပဒေသာပင်နှင့် စာအုပ်များလှူဒါန်း

ရေဖြူ စက်တင်ဘာ ၁၀

ထားဝယ်ခရိုင် ရေဖြူမြို့နယ်(ခ)ရပ်ကွက်၏ လပြည့်ဝန်းကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို စက်တင်ဘာ ၁ ရက်က အဆိုပါ စာကြည့်တိုက်တွင် ကျင်းပရာ (ခ) ရပ်ကွက်ဥက္ကဋ္ဌ ဦးဝင်းမောင်နှင့် ရပ်မိရပ်ဖ ဦးအောင်ဝင်းက စာကြည့်တိုက်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှူး ဒေါ်ဖြူဖြူရှိန်က စာကြည့်တိုက် ရေရှည်တည်တံ့ရေးအတွက် ပြောကြားပြီးနောက် ရပ်ကွက်ပြည်သူများ၊ စေတနာရှင်များနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ငွေပဒေသာပင်များနှင့် စာအုပ်များ လှူဒါန်းကြသည်။ **(ယာပုံ)**

(မြို့နယ် ပြန်/ဆက်)

အပြို့ပြို့ အနယ်နယ် သတင်းများ

ဩဂုတ် ၂၉ ရက်က ရွှေဘိုမြို့နယ် ရွာတော်ကျေးရွာတွင် မြို့နယ်လူဝင်မှု ကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာနဦးစီးအရာရှိ ဦးအောင်မြင့်နောင်နှင့် ဝန်ထမ်းများက နိုင်ငံသားအရည်အချင်း ပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ရာ ခရိုင်ဦးစီးဌာနမှူးဦးမြသန်းက ကြီးကြပ် ဆောင်ရွက်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ပလင်းတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ပခုက္ကူတွင် စာကြည့်တိုက်ပညာ သင်တန်းဖွင့်

ပခုက္ကူ စက်တင်ဘာ ၅

ပခုက္ကူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ စာကြည့်တိုက်ပညာသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၁၄ ရက် နံနက် ၁၁ နာရီက ပခုက္ကူမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှင်းလင်း

အခမ်းအနားတွင် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ကျော်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းဖေက စာကြည့်တိုက်ပညာသင်တန်းရည်ရွယ်ချက်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

တက်ရောက်

အဆိုပါ သင်တန်းသို့ ရပ်ကွက်နှင့် ကျေးရွာအုပ်စု စာရေးဝန်ထမ်း၆၄ ဦးတို့ တက်ရောက်ကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ဟိုပင်မြို့နယ်တွင် ရေနုတ်မြောင်းစုပေါင်းတူးဖော်

ဟိုပင် စက်တင်ဘာ ၅

ကချင်ပြည်နယ် ဟိုပင်မြို့နယ် မြဖေယျာရပ်ကွက် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက်နှင့် ရပ်ကွက်အတွင်း လမ်းများ၏ လမ်းဘေးဝဲယာ ရေနုတ်မြောင်းများ ပြန်လည်တူးဖော်ခြင်း၊ စွန့်ပစ်အမှိုက်များ ဆယ်ယူခြင်း လုပ်ငန်းများကို ဩဂုတ် ၁၈ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့များ စုပေါင်းဆောင်ရွက်ကြသည်။

ဆောင်ရွက်

လုပ်ငန်း ဆောင်ရွက်ရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန့်ကျော်၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်မောင်သွင်၊ နှင့် တာဝန်ခံ အင်ဂျင်နီယာတို့က ကူညီဆောင်ရွက်ပေးကြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

စက်တင်ဘာ ၁၀ရက်က ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား ရပ်ကွက်၊ကျေးရွာ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် ရပ်ကွက်(၁) ဘောလုံးအသင်းအား နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲသွားသော ရပ်ကွက်(၂) ဘောလုံးအသင်းအား မြို့နယ် ဥက္ကဋ္ဌဦးမြင့်တင်က ပထမဆုဖလား ပေးအပ်ချီးမြှင့်စဉ်။ (က–ပ)

တပ်ကုန်း မြို့ စည်ပင်သာယာရေး အဖွဲ့ဝန်ထမ်းများနှင့် ပြည်သူများပူး ပေါင်း၍ ရန်ကုန်–မန္တလေး လမ်းမကြီး ဘေးဝဲယာတစ်လျှောက် ရေနုတ် မြောင်းများ ရေစီးရေလာကောင်း မွန်ရေးအတွက် ဩဂုတ် ၈ ရက်က ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးမျိုးမင်းစိုး ရေမြောင်းများဆယ်ယူခြင်းလုပ်ငန်းကို ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (၂၆၆)

မန္တလေးခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း စုပေါင်းသွေးလှူဒါန်းပွဲခုတင်(၃၀၀)ဆံ့ဆေးရုံတွင်ကျင်းပ

မန္တလေး စက်တင်ဘာ ၁၀

မန္တလေးခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ကြီးမှူး၍ စုပေါင်း သွေးလှူဒါန်းပွဲကို ဩဂုတ် ၃၀ရက်က ချမ်းမြသာစည်မြို့နယ် ခုတင်(၃၀၀)ဆံ့ သင်ကြားရေးဆေးရုံသွေးလှူဘဏ်တွင်ကျင်းပသည်။

စုပေါင်း သွေးလှူဒါန်းပွဲတွင် အသင်းဝင် သွေးလှူရှင် ၁၀၀တို့က သွေးများလှူဒါန်းကြရာ ခရိုင်အတွင်းရေးမှူး ဗိုလ်မှူးမြင့်သိန်းနှင့် တာဝန်ရှိသူများက လိုက်လံ ကြည့်ရှုကြသည်။

ထို့နောက် သွေးလှူရှင်များကိုယ်စား ခရိုင်အတွင်းရေးမှူး ဗိုလ်မှူးမြင့်သိန်းက သွေးပုလင်းများကို ဆေးရုံအုပ်ဒေါက်တာဦးခင်မောင်ဆွေထံ ပေးအပ်လှူဒါန်းကြသည်။ **(အောက်ပုံ)**

(မြို့နယ် ပြန်/ဆက်)

တာချီလိတ်မြို့တွင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များဖွင့် ရည်ရွယ်ချက်နှင့် မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး ဟောပြော

တာချီလိတ် စက်တင်ဘာ ၅

တာချီလိတ်မြို့နယ် မိုင်းကိုးကျေးရွာအုပ်စုရှိ ဝမ်ကောင်းမွန်းအမက ကျောင်းတွင် "ပညာတံခွန်"၊ ပန်ဟတ်အမကကျောင်းတွင် "ပညာအလင်းရောင်"၊ မိုင်းကိုး အလကကျောင်းတွင်"ပညာရွှေတောင်"ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၈ရက်က အဆိုပါ ကျောင်းများတွင် ကျင်းပရာ ကျောင်းအုပ်ဆရာမကြီးများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။**(အပေါ်ပုံ)**

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခရိုင်ဦးစီးအရာရှိ ဦးစိုးစိုးက စာကြည့်တိုက်ဖွင့်လှစ်ရခြင်း အကြောင်း၊ နယ်လှည့်စာကြည့်တိုက် ဆောင်ရွက်ရသည့် ရည်ရွယ်ချက်နှင့် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးအကြောင်းများကို ဟောပြောကြောင်းသိရသည်။

(ခရိုင်ပြန်/ဆက်)

စာတတ်သူတိုင်း
စာဖတ်ဖို့
စာအုပ်စာပေ
လေ့လာစို့

ကွင်းဆင်းကြီးကြပ်

ညောင်လေးပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့သာယာလှပရေးလုပ်ငန်းများစီမံချက်ချ ဆောင်ရွက်လျက်ရှိရာ ဩဂုတ်၂၈ရက်က မြို့ဝင်ဆိုင်းဘုတ်မြေထိန်း နံရံအကြီးစားပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးမင်းလွင်စိုးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမြင့်လှိုင်တို့ ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ကောလင်းမြို့နယ်စီမံကိန်းဝင်သီးနှံစိုက်ပျိုးရေးဆွေးနွေး

ကောလင်း စက်တင်ဘာ ၁၀

ကောလင်းမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ ရပ်ကွက်ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ လုပ်ငန်းဆိုင်ရာညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၁ရက်က ကောလင်းမြို့နယ်ရုံးအစည်းအဝေးခန်းမဆောင်တွင် ကျင်းပသည်။

ညှိနှိုင်းအစည်းအဝေးတွင် မြို့နယ်ဥက္ကဋ္ဌ ဦးမင်းလွင်က မိုးရာသီစိုက်ပျိုးရေး၊ အောင်ရေရရှိရေး၊ စီမံကိန်းဝင်သီးနှံ အပြည့်အဝစိုက်ပျိုးရေး၊ မြေလွတ်မြေရိုင်းဖော်ထုတ်ရေး၊ လမ်းတံတားပြုပြင်ထိန်းသိမ်းရေးနှင့် အထွေထွေကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးကြသည်။ **(ဝ၂၆)**

အမည်ပြောင်း

ဦးမြင့်ဦး-ဒေါ်ခင်ဖြူတို့၏ သားဖြစ်သူ အထက (အေးသာယာ) ကျောင်း၊ အဋ္ဌမတန်း(A)မှ မောင်အာကာဖြိုးအား မောင်ရဲရင့်အောင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မောင်ရဲရင့်အောင်။

INVITATION TO TENDER
MYANMA RAILWAYS

Seal Tender is invited by the Myanma Railways, Ministry of Rail Transportation, the Government of the Union of Myanmar, from reputed manufacturers or their bonifide agents from all eligible source countries for the supply and delivery of the followings:-

Sr. No	Tender No. & Description	Issuing Date	Closing Date& Time
1.	ICB No. 9/MR/OPEC(E) 2004-2005 (III) Purchase of Ballast Regulator 1 set (Ballast Distributing and profiling machine)	16.9.04	16.11.04 12:00 noon

Tender Documents are available at the Office of the Managing Director, Myanma Railways, Room No. 511, 4th Floor, No. 357/361 Merchant Street, Botataung Township, Yangon, during office hours on payment of US$ (or) FEC 200 per set.

Bids are to reach the office of the Managing Director, Myanma Railways, No. 357/361 Merchant Street, Botataung Township, Yangon, Myanmar, on or before the Closing Date and Time shown against each Tender. The Bids will be opened publicly at 14:00 hour on the Closing Date at the Myanma Railways Head Office.

All Bids not accompanied by earnest money (Bid Bond) will not be considered. No Telegraphic/ Telex/ Fax/e-mail proposal will be considered of accepted.

Myanma Railways reserves the right to reject any or all Tenders without furnishing reasons. Tender will be accepted only from Bidders who has purchased Tender Documents officially. (Those purchased through Embassies must declare for whom they are purchased).

The above Goods and Services are to be purchased from the proceeds of OPEC Fund in various currencies towards the cost of Yangon-Nyaunglaybin Railway Line Rehabilitaiton Project.

For further details please call: 298589, 291982, 201555. Ext- 510,540,228

Managing Director
Myanma Railways.

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်မြင့်မြင့်အေး အသက်(၄၆)နှစ် (အလယ်တန်းပြ)အထက(၂) ဒဂုံ

ဒဂုံမြို့နယ်၊ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမှ အလယ်တန်းပြ ဆရာမဒေါ်မြင့်မြင့်အေးသည် ၁၃-၉-၂၀၀၄ ရက်တွင် ကွယ်လွန်သွားခြင်းအတွက် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်း ကြေကွဲရပါသည်။

ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ ဆရာမများ၊
ကျောင်းသားကျောင်းသူများ၊ အထက(၂)ဒဂုံ၊ မြို့မ။

အမြန်ရောင်းမည်

လက်ရှိပြေးဆွဲနေသော မော်တော်ယာဉ်လိုင်း အပါအဝင် Mitsubishi Canter 86-Model၊၁၀၀၀ 4D-32 (ကက/၈---) အား ညှိနှိုင်းဈေး၊ ပွဲစားမလို။

ဆက်သွယ်ရန်ဖုန်း-၂၁၀၆၃၈။



သားအဖြစ်မှစွန့်လွှတ်ခြင်း

ဦးထွန်းသိန်း ၁၂/ဥကတ(နိုင်) ၀၅၃၃၃၉နှင့် ဒေါ်စန်းအိ ၁၂/ဥကတ(နိုင်)၁၆၃၈၄၂ တို့၏ သား မောင်အောင်ထွန်းသက်သည် မိဘတို့၏ ဆိုဆုံးမမှုကို မနာခံပါ၍ အမွေစားအမွေခံ သားအဖြစ်မှစွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝအား တာဝန်မယူပါ။

ဦးထွန်းသိန်း–ဒေါ်စန်းအိ။

မွေးသက္ကရာဇ်အမှန် ဦးအောင်ကြည်၏သား အထက (၃)ဒဂုံမြို့သစ် မြောက်ပိုင်း၊ သတ္တမတန်း(F)မှ မောင်ရဲလင်းမောင်၏ မွေးသက္ကရာဇ် အမှန်မှာ ၁၄–၁၀–၁၉၉၂ ဖြစ်ပါကြောင်း။

နှစ်ဦးသဘောတူ ကွာရှင်းပြီးကြောင်းကြေညာချက်

ကျွန်တော် ဒေါက်တာအောင်ခိုင်တင့် မှတ်ပုံတင်အမှတ် အမ်ဝိုင်ဂျီအင်န်–၀၂၅၆၄၄ သည် ဇနီးဖြစ်သူ ဒေါက်တာ မိုးသီတာဌေး မှတ်ပုံတင်အမှတ်–အမ်ဝိုင်ဂျီအင်န်–၀၂၆၃၅၄ နှင့် နှစ်ဦးသဘောတူ ပစ္စည်းခန်းအပါအဝင် တရားဝင် ကွာရှင်းပြတ်စဲပြီးကြောင်း ကြေညာပါသည်။

ဒေါက်တာ အောင်ခိုင်တင့်။

ဗဟန်းမြို့နယ်
ဘိုးဘွားပိုင်မြေကျယ်ကျယ်နှင့်
တိုက်ရောင်းမည်
(ပွဲစားမလိုပါ)

ခြံအကျယ် ပေ ၁၂၀ x ပေ ၂၀၀ အိပ်ခန်း သုံးခန်း၊
ရေချိုးခန်းတွဲလျက်
RC. ကားဂိုထောင်၊ ကားနှစ်စီးစာ ထပ်ခိုးပါ၊
အလုပ်သမားတန်းလျား RC. နှစ်ထပ် အပေါ် သုံးခန်း၊
အောက် သုံးခန်း၊
ပါဝါမီတာ၊ အဝီစိတွင်း၊ မီး ၂၄ နာရီရ၊

ဆက်သွယ်ရန်

ဖုန်း–၀၁–၅၅၄၅၈၆၊ ၀၉–၅၀–၁၆၄၉၀။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
အလုပ်သမားဝန်ကြီးဌာန
ဗဟိုပြည်တွင်းကုန်တင်ကုန်ချကော်မတီရုံး

ရက်စွဲ။ ၂၀၀၄ ခုနှစ် စက်တင်ဘာလ ၁၅ ရက်

၁။ ဗဟိုပြည်တွင်းကုန်တင်ကုန်ချကော်မတီရုံးတွင် စာရင်းကိုင်အဆင့်(၂) ရာထူး (၃)နေရာ အတွက် အောက်ဖော်ပြပါ အရည်အချင်းနှင့်ပြည့်စုံသူ (ကျား/မ မရွေး) လျှောက်ထားနိုင်သည်–

(က) B.com (ခ) B.Ecom (ဂ) B.A (Eco) (ဃ) D.A

(ခ) ဘွဲ့တစ်ခုခုနှင့် စာရင်းစစ်ချုပ်ရုံးမှဖွင့်လှစ်သော စာရင်းကိုင် တတိယအဆင့်သင်တန်း အောင်မြင်ပြီးသူ

(ဂ) ဘွဲ့တစ်ခုခုနှင့် LCCI Level II အောင်မြင်ပြီးသူ

၂။ လျှောက်ထားသူသည် အသက် ၂၀ မှ ၄၀ နှစ်အတွင်းဖြစ်ပြီး စာရင်းအင်းပညာနှင့် ကွန်ပျူတာကျွမ်းကျင်သူများကို ဦးစားပေးရွေးချယ်မည်။

၃။ လျှောက်ထားသူသည် လိုင်စင်ဓာတ်ပုံ နှစ်ပုံ၊ ပညာအရည်အချင်းအောင်လက်မှတ် (သို့) ထောက်ခံစာ၊ အခြားတတ်ကျွမ်းသည့် အောင်လက်မှတ်များ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အလုပ်သမားမှတ်ပုံတင်မိတ္တူနှင့်တကွ ညွှန်ကြားရေးမှူးချုပ်၊ ဗဟိုပြည်တွင်း ကုန်တင်ကုန်ချကော်မတီရုံး၊ အမှတ် ၆(က)/၇၊ သန်လျက်စွန်း၊ ရန်ကုန်မြို့သို့ လိပ်စာမူ၍ ၁၅–၁၀–၂၀၀၄ ရက်နေ့ နောက်ဆုံးထား လျှောက်ထားရန်နှင့် ၂၉–၁၀–၂၀၀၄ ရက်နေ့ ၁၃း၀၀ နာရီတွင် လျှောက်ထားသည့်လိပ်စာသို့ လူတွေ့စစ်ဆေးခံရန် လာရောက်ရမည်ဖြစ်သည်။

သမဝါယမဝန်ကြီးဌာန
အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန
ယွန်းပညာကောလိပ်ဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း

၁။ ပုဂံမြို့၊ ယွန်းပညာကောလိပ်သင်တန်းများကို ၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာလတွင် ဖွင့်လှစ်သင်ကြားမည်ဖြစ်၍ တက်ရောက်လိုသူများလျှောက်ထားနိုင်ပါသည်။

၂။ သင်တန်းများ

(က) ယွန်းအတတ်ပညာဒီပလိုမာ(၂)နှစ်သင်တန်း
Dip.L.T (Diploma in Lacquerware Technology) 2 years Course

(ခ) ယွန်းအတတ်ပညာဒီပလိုမာ(၁)နှစ်သင်တန်း
Dip.L.T (Diploma in Lacquerware Technology) 1 year Couse

၃။ သင်တန်းဝင်ခွင့်အရည်အချင်းသတ်မှတ်ချက်များ

(က) (၂)နှစ် သင်တန်းအတွက် တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူဖြစ်ရမည်။ အသက်(၂၅)နှစ်ထက် မကျော်သူဖြစ်ရမည်။

(ခ) (၁)နှစ် သင်တန်းအတွက် အစိုးရအသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရပြီးသူဖြစ်ရမည်။ အသက်(၃၅)နှစ်ထက် မကျော်သူဖြစ်ရမည်။

(ဂ) ကိုယ်လက်အင်္ဂါကျန်းမာသန်စွမ်းပြီး ကိုယ်ရောစိတ်ပါ ကျန်းမာသန်စွမ်းသူဖြစ်ရမည်။

၄။ ပေးအပ်မည့်ဘွဲ့/ဒီပလိုမာ

(က) ယွန်းအတတ်ပညာဒီပလိုမာ
Dip.L.T (Diploma in Lacquerware Technology)

(ခ) ယွန်းအတတ်ပညာဒီပလိုမာ(၂)နှစ်သင်တန်း အောင်မြင်ပြီးသူများသည် မိတ္ထီလာစီးပွားရေး တက္ကသိုလ်(သို့မဟုတ်) အလားတူစီးပွားရေးတက္ကသိုလ်တစ်ခုခု၏ ဒုတိယနှစ်သို့လည်းကောင်း၊ အဝေးသင်တက္ကသိုလ်၏ ဒုတိယနှစ်ဝိဇ္ဇာ(စီးပွားရေး)သို့လည်းကောင်း၊ သတ်မှတ်ချက်နှင့်အညီ တက်ရောက်ခွင့်ရရှိမည်ဖြစ်ပါသည်။

၅။ လျှောက်လွှာနှင့်အတူပူးတွဲတင်ပြရမည့် စာရွက်စာတမ်းများ

(က) (၂)နှစ်သင်တန်းအတွက် တက္ကသိုလ်ဝင်တန်း အောင်လက်မှတ်(မိတ္တူ)နှင့် အမှတ်စာရင်း(မိတ္တူ) (ရွေးချယ်ခြင်းခံရပါက မူရင်းတင်ပြရမည်။)

(ခ) (၁)နှစ်သင်တန်းအတွက် ဘွဲ့လက်မှတ်(မိတ္တူ)(ရွေးချယ်ခြင်းခံရပါကမူရင်းတင်ပြရမည်။)

(ဂ) အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း သက်ဆိုင်ရာ မြို့နယ်ပြည်သူ့ရဲတပ်ဖွဲ့စခန်းမှ ထောက်ခံချက်မူရင်း

(ဃ) ကျန်းမာကြောင်း မြို့နယ်ဒေသန္တရကျန်းမာရေးဌာန၏ ထောက်ခံချက်မူရင်း

၆။ လျှောက်လွှာကိုဝင်ခွင့်စိစစ်ရွေးချယ်ရေးအဖွဲ့ဖြင့် စိစစ်ရွေးချယ်ပါမည်။

၇။ လျှောက်လွှာနှင့်ဝင်ခွင့်လမ်းညွှန်များ ဝယ်ယူနိုင်သည့်နေရာများမှာ

(က) အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန(ရုံးချုပ်) မြောက်ဥက္ကလာပ၊ ရန်ကုန်မြို့။ တယ်လီဖုန်းအမှတ်–၀၁–၆၆၁၃၅၁၊ ၀၁–၆၆၁၀၄၆၊ ၀၁–၆၆၂၉၅၆၊ ၀၁–၆၅၂၃၃၄၊

(ခ) အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ အထက်မြန်မာပြည်ရုံးခွဲ (မန္တလေး) ၂၅လမ်းနှင့် ၈၂ လမ်းထောင့် မန္တလေးမြို့၊ တယ်လီဖုန်းအမှတ်–၀၂–၃၉၆၀၉၊

(ဂ) အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ အောက်မြန်မာပြည်ရုံးခွဲ (ရန်ကုန်)၊ အမှတ်–၇၉၇၊ တတိယထပ်၊ မဟာဗန္ဓုလလမ်း၊ ရန်ကုန်မြို့၊ တယ်လီဖုန်းအမှတ်–၀၁–၂၂၂၃၅၊

(ဃ) ယွန်းပညာကောလိပ်၊ ပုဂံမြို့၊ တယ်လီဖုန်းအမှတ်–၀၂–၆၇၂၃၁၊ ၀၆၁–၆၀၂၆၇၊

၈။ ဝင်ခွင့်လျှောက်လွှာများကို ယွန်းပညာကောလိပ်၊ ပုဂံမြို့သို့လည်းကောင်း၊ မိမိတို့လျှောက်လွှာ ဝယ်ယူသည့် အထက်ပါဌာနများတွင်လည်းကောင်း တင်သွင်းရမည်ဖြစ်ပြီး လျှောက်လွှာပိတ်ရက်မှာ ၂၀၀၄ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်ဖြစ်ပါသည်။

၉။ အသေးစိတ်သိလိုပါက အထက်ဖော်ပြပါဌာနများတွင် စုံစမ်းနိုင်ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း
သတင်းကြေညာချက်

ရန်ကုန်မြို့၊ ၁၃၆၆ ခုနှစ်၊ ဒုတိယ ဝါဆိုလဆန်း (၉)ရက်
၂၀၀၄ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်

၁။ နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ၂၀၀၄ခုနှစ် အောက်တိုဘာလ တွင် ကျင်းပမည်ဖြစ်၍ ရတနာပြပွဲတွင် ကျောက်မျက်ရတနာများ တင်ပြ ရောင်းချလိုသူများသည် ၂၀၀၄ ခုနှစ် ဩဂုတ်လ ၁ ရက်မှ စက်တင်ဘာလ ၃၀ရက်အတွင်း မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်)နှင့် ဆက်သွယ်၍ ကျောက်မျက်ရတနာများ စစ်ဆေးခြင်း၊ အခြေခံရောင်းဈေး ညှိနှိုင်းသတ်မှတ်ခြင်းများကို ဆောင်ရွက်နိုင်ပါသည်။

၂။ နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် တင်ပြရောင်းချမည့် ကျောက်မျက်ရတနာများအား မိမိတို့အစီအစဉ်ဖြင့် မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်)သို့ သယ်ဆောင်ရာတွင် အခက်အခဲရှိပါက မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်) ရန်ကုန်မြို့၊ ကျောက်မျက်တူးဖော်ရေးဌာန (မိုးကုတ်)၊ ကျောက်စိမ်းတူးဖော်ရေးဌာန (လုံးခင်း)၊ ရွှေတန်းမြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (မိုင်းရှူး/လွိုင်ဆောင် ထောက်)နှင့် မန္တလေး၊ မြစ်ကြီးနား၊ ခန္တီးမြို့များတွင် အခြေခံပြုသည့် စခန်းရုံးများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်သည်။

၃။ ၎င်းအပြင် မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းသည် နိုင်ငံတော်အကျိုး၊ ကျောက်မျက်ရတနာလုပ်ငန်းများအကျိုးအတွက် ရတနာပြပွဲများ မကျင်းပသည့် ကြားကာလများတွင် ကျောက်မျက်ရတနာ ရောင်းဝယ်ခြင်း ဆောင်ရွက်သည့် ဂျီတီစီစနစ်ဖြင့် ပုဂ္ဂလိကပိုင် ကျောက်မျက်ရတနာများ ရောင်းဝယ်ခြင်းနှင့် ပြည်ပတင်ပို့ခြင်းများကို သက်ဆိုင်ရာလုပ်ငန်းဌာနများနှင့် ပူးပေါင်းညှိနှိုင်း၍ သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိပါသည်။ သို့ဖြစ်၍ ဂျီတီစီစနစ်ဖြင့် ကျောက်မျက်ရတနာများ ရောင်းချလိုသည့် ကျောက်မျက်ရတနာလုပ်ငန်းရှင်များအနေဖြင့် ၂၀၀၄ခုနှစ် ဩဂုတ်လ ၁ရက်မှ စက်တင်ဘာလ ၃၀ရက်အတွင်း မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်)နှင့် ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
ချိပ်ပိတ်တင်ဒါ(Sealed Tender)များခေါ်ယူခြင်း

၁။ မြန်မာ့မီးရထားမှ အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ ချိပ်ပိတ်တင်ဒါ (Sealed Tender)များကို ပေးသွင်းရန် ဖိတ်ခေါ်ပါသည်။

တင်ဒါအမှတ်– ၁၇/မမ/ ပြည်တွင်း/RGC (CME)

တင်ဒါအမှတ်– ၃၆/မမ/ ပြည်တွင်း/LRBE- 7(CME)

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
1.	Spare Parts for 14 Tons Nissan Truck	1-Lot.
2.	MS Round Bar, Plate, Angle, Channel	1-Lot.
3.	Cutting & Grinding Disc	1-Lot.
4.	Steel Electrode	1-Lot.
5.	Roller Bearing & Spherical Bearing	1-Lot.
6.	Foam Rubber	1-Lot.
7.	Thinner	1-Lot.
8.	Leaf Spring	1-Lot.
9.	Spare Parts for Diesel Rail Car	1-Lot.

ချိပ်ပိတ်တင်ဒါပိတ်ရက်နှင့်အချိန် – ၁–၁၀–၂၀၀၄(သောကြာနေ့) (၁၂း၀၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၁၇–၉–၂၀၀၄ ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ၎င်းဌာနသို့ ဆက်သွယ် မေးမြန်းစုံစမ်းနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ၊ထောက်ပံ့ဌာန မြန်မာ့မီးရထား
ကုန်သည်လမ်းနှင့်(၅၁)လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း–၂၉၁၉၈၂၊၂၉၁၉၉၄၊၂၀၁၅၅၅–လိုင်းခွဲ–၆၀၂၊ ၆၁၃။

ဝမ်းနည်းကြေကွဲခြင်း

ဒါရိုက်တာဦးခင်မောင်ဌေးနှင့် ဒါရိုက်တာ ဦးခင်မောင်ထွေးတို့၏ဖခင် ဒုတိယဗိုလ်မှူးကြီးဘဌေး(ငြိမ်း)သည် ၁၃–၉–၂၀၀၄ရက်တွင် ကွယ်လွန်ကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဒါရိုက်တာအဖွဲ့နှင့် ဝန်ထမ်းများ၊
Golden Brothers Engineering & Trading Co., Ltd.

ဗိုလ်ချုပ်အေးကျော်

(၇)နှစ်ပြည့် လွမ်းဆွတ်သတိရခြင်း

ဖေဖေ့အတွက်ရည်စူး၍–

ဆင်ဖြူတောင်ကျောင်းတိုက်သို့ ဆန်အိတ် ၆၀နှင့် ဓိဝိတဒါန သံဃာ့ဆေးရုံကြီးသို့ အလှူငွေကျပ် သုံးသိန်းရှစ်ထောင် လှူဒါန်းပြီး ပါဠိတက္ကသိုလ် သံဃာတော်အရှင်မြတ်များအား ဆွမ်းဆက်ကပ်လှူဒါန်းလိုက်ပါသည်။

မြင့်မြတ်သောဘုံဘဝမှ ဖေဖေ သာခုခေါ်နိုင်ပါစေ။

ချစ်ဇနီး – ဒေါ်လှမူနှင့်
သားသမီးမြေးများ။

ဝမ်းနည်းကြေကွဲခြင်း

ဆရာကြီးဦးမင်းနိုင်

အသက်(၈၀)

ဆရာကြီးဦးမင်းနိုင်(အချိန်ပိုင်းတွဲဖက်ပါမောက္ခ၊ မနုဿဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်) ကွယ်လွန်သည့်အတွက် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းရပါကြောင်း။ **မနုဿဗေဒမိသားစု၊ရန်ကုန်တက္ကသိုလ်။**

ခရစ်တော်၌အိပ်ပျော်ခြင်း

ဒေါ်မြသစ်

အသက်(၈၆)နှစ်

တောင်ကြီးမြို့နေ (ဦးစံတီ–ဒေါ်ခမ်းသော)တို့၏သမီး၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၆)ရပ်ကွက်၊ တိုက် ၂၃၅၊ အခန်း ၈ နေ (ဗိုလ်ကြီးစံချိန်)၏ဇနီး၊ (သိက္ခာတော်ရဆရာဦးကာယု–ဆရာမဒေါ်မြခင်)၊ (ဦးထွန်းတင်)၊ (ဦးထွန်းဖေ) တို့၏အစ်မ၊ (ဒေါက်တာမြသန်းချိန်)–ဦးမောင်မောင်မြင့်၊ (ဦးဘသန်းချိန်)–Hiroko Hoshi ၊ တပ်မတော်မှတ်တမ်းရုံးနေ တပ်ကြပ်ကြီးဇော်ဝင်းထွန်း–နော်ထူးစေးတို့၏မိခင်၊ ဝေလွင်မြင့်၊ ရန်နိုင်မြင့်၊ မျိုးထွန်းမြင့်၊ နေမျိုးချိန် (Toru)၊ မြစန္ဒာချိန်(Kenji)၊ နန်းထားထားဝင်း၊ ခွန်အောင်ခန့်ဝင်းချိန်တို့၏ အဘွားသည် ၁၆–၉–၂၀၀၄ရက် ည ၉ နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံတွင်ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၁၈–၉–၂၀၀၄ရက် (စနေနေ့) နံနက် ၁၁ နာရီတွင်ကံဘဲ့နှစ်ခြင်းခရစ်ယာန်အသင်းတော်၊ကျောက်ကုန်း၊ရန်ကင်းမြို့နယ်၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

အလ္လာရှင်မြတ်အမိန့်တော်ခံယူခြင်း

ဒေါ်ကြည်ကြည်ဝင်း(ခ) June Gafoor

အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ဦးဂဖူးလမ်း၊ ခြံအမှတ် ၅ နေ (ဦးဂဖူး–ဒေါ်သိန်းဟန်)တို့၏သမီး၊(ဦးတင်ရွှေ)–ဒေါ်ခင်ဦးမြင့်၊ (ဒေါ်ခင်ခင်ဝင်း)တို့၏ ညီမ၊(ဒေါ်ကြူကြူဝင်း)၊(ဦးမင်းအောင်)–ဒေါ်ခင်ရီတို့၏အစ်မ၊ ဦးမောင်မောင်၊ ဒေါ်တင်ဦးခိုင်–ဦးမောင်မောင်၊ ဦးရဲမင်း၊ ဒေါ်လှမိုးသူ–ဦးမောင်မောင်ထွေး၊ ဒေါ်ခင်ဆွေနှင်း–ဦးဇော်လင်းထွန်း၊ ဦးဟန်ထွန်းအောင်၊ ဒေါ်သင်းသင်းထွေး–ဦးကက်နက်တို့၏အဒေါ်၊ မြေးကိုးယောက်တို့၏အဘွားသည် ၁၅–၉–၂၀၀၄ရက်တွင် အလ္လာရှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ မဂရစ်ဘ်နမားစ်အပြီးတွင် ဒါဖနာပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဒုတပ်ကြပ်

Joseph Do Za Gin

အသက်(၄၆)နှစ်

တီးတိန်မြို့နယ်၊ ထန်းဇန်ရွာနေ (Pu Phung Zam– Pi Nian Za Cing) တို့၏သားကြီး၊ (Pu Do Khaw Tuan)– Pi Khup Khaw Dim တို့၏သားသမက်၊ Pa Sing Khan Do–(Nu Khup Dim)တို့၏မောင်၊ Pa Sugn Khen Pau– Nu Dim Khan Zenတို့၏အစ်ကို၊ Lia Cing Ngaih Vung ၊ Lia Dim Don Lun (Dae Woo)၊ Lia Dim Ngaih Zen၊ (Lia Tuan Lam Cing)၊ Tg Zam Lian Mang၊ Tg Pau Tuan Thang၊ Tg Mang Lian Mung(ပလတ)တို့၏ဖခင်၊ Nu Hau Sian Vung ၏ ခင်ပွန်း ဒုတပ်ကြပ် Joseph Do Za Gin (Yecf) သည် ၁၆–၉–၂၀၀၄ရက် နံနက် ၈ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၈–၉–၂၀၀၄ရက်တွင် မင်္ဂလာဒုံတပ်မတော်ဆေးရုံကြီးအအေးတိုက်မှ ညနေ ၃း၃၀နာရီတွင် ရေဝေးခရစ်ယာန်ခန်းမဆောင်၌ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (မြေနီကုန်း ဖာတီမာဘုရားကျောင်းရှေ့နှင့် မောနွေလဘုရားကျောင်းမှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယိကာမကြီး

ဒေါ်ခင်အေး (ပုသိမ်)

အသက်(၈၇)နှစ်

ပုသိမ်မြို့နေ (ဦးလူလေး–ဒေါ်စောမြ)တို့၏သမီး၊ (ဦးမောင်တင်)၏ဇနီး၊ ရန်ကုန်တိုင်း၊ သာကေတမြို့နယ်၊ သန်လျင်တံတား စီမံကိန်းအိမ်ရာဝင်း၊ စိန်ပန်းလမ်း၊ အမှတ် ၁၄ နေ ဦးကိုကိုလေး(ဒုညွှန်မှူး၊ သ/မ၊ ငြိမ်း)–ဒေါ်လှလှ၊ (ဦးတင်ညွှန့်)–ဒေါ်ခင်ဌေးဝင်း (ချမ်းမြေ့မေတ္တာစတိုး)၊ (ဦးကြည်)–ဒေါ်တင်တင်နု၊ဦးသန်းညွှန့်–ဒေါ်ကြည်ကြည်တို့ မိခင်၊ တူ တူမ ၂၂ယောက်တို့၏အဒေါ်၊ မြေး ၁၆ယောက်၊ မြစ် ၁၂ယောက်တို့၏အဘွားသည် ၁၇–၉–၂၀၀၄ရက်(သောကြာနေ့) နံနက် ၇း၅၀ နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၁၉–၉–၂၀၀၄ရက်(တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင်ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဦးမြမောင်

ငွေစာရင်းကိုင်(အုပ်)အငြိမ်းစား ဆောက်လုပ်ရေး၊မအူပင်မြို့

အသက်(၇၄)နှစ်

မအူပင်မြို့၊ အမှတ် ၃၆၊ ဈေးလမ်းနေ (ဦးဖိုးသင်း–ဒေါ်လှဖူး)တို့၏သား၊ (ဒေါ်ကျင်ရီ)၏ခင်ပွန်း၊ ဦးအောင်သောင်း–ဒေါ်သန်းသန်းလှ၊ ဒေါ်မိမိချို (ဆလရ)၊ ဦးတိုးအောင်–ဒေါ်တင်တင်ဝင်း၊ ဦးစိုးအောင်(ထွန်းဖောင်ဒေးရှင်းဘဏ်၊ မအူပင်)–ဒေါ်ညိုညိုဝင်း၊ ဦးဝင်းကိုကို–ဒေါ်ချိုချိုလွင်တို့၏ဖခင်၊မောင်အောင်ကျော်ဇော(မအူပင်တက္ကသိုလ်)၊မကျော့ကေခိုင်(အထက–၁)၊ မောင်အောင်ဆန့်ဘိုဘို(အမက–၁၊ အင်းစိန်)၊ ဘေဘီညိုညိုဝင်း တို့၏အဘိုးသည် ၁၆–၉–၂၀၀၄ရက် (ကြာသပတေးနေ့) ညနေ ၆း၃၀နာရီ တွင် ကွယ်လွန်သွားပါသဖြင့် ၁၈–၉–၂၀၀၄ရက်(စနေနေ့)မွန်းလွဲ ၁ နာရီတွင် မအူပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဒေါ်အေးမြင့် (ဗန်းမော်)

(မြန်မာ့စီးပွားရေးဘဏ်၊ငြိမ်း၊ဗန်းမော်)

အသက်(၆၅)နှစ်

ဗန်းမော်မြို့၊ကုက္ကိုတောရပ်နေ ဦးအောင်နိုင်(ကုန်သွယ်ရေး၊ ငြိမ်း)၏ဇနီး၊ ဒေါ်ဝါဝါနိုင်(ထွေ/အုပ်၊ မုံရွာ)၊ ဒေါ်ဥမ္မာနိုင်(ကုန်သွယ်/လယ်ယာရုံးချုပ်၊ငြိမ်း)၊ ဒေါ်စန္ဒာအောင်(တိုင်းရင်းဆေး၊မြစ်ကြီးနား)၊ ဒေါ်ဝင်းပပနိုင်(ဗန်းမော်)တို့၏ မိခင်၊ မြေးရှစ်ယောက်တို့၏အဘွားသည် မုံရွာနေအိမ်၌ ၁၇–၉–၂၀၀၄ ရက် နံနက် ၁း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၅ နာရီတွင် မုံရွာမြို့ နန္ဒဝန်သုသာန်၌ ဂူသွင်းသဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ကိုသန့်ဇင်ဦး(ခ)ကိုဇင်

အသက်(၄၅)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံ(မြောက်)အနောက်ရပ်ကွက်၊ နိဗ္ဗာန်ကျောင်းလမ်း၊ အမှတ် ၇ နေ (ဦးအေးမောင်)–ဒေါ်စန်းတို့၏သား၊ (ဒေါ်သန်းသန်းဦး)၊ ဦးမြင့်လွင်–ဒေါ်ခင်စောဝေတို့၏မောင်၊ ကိုမြင့်စိုး၊ကိုလှမိုး–မအေးအေးမော်၊ ကိုဟန်မိုးအောင်–မမိမိမော်တို့၏အစ်ကိုသည် ၁၇–၉–၂၀၀၄ရက် (သောကြာနေ့) နံနက် ၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉–၉–၂၀၀၄ ရက်(တနင်္ဂနွေနေ့)မွန်းတည့် ၁၂ နာရီ တွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

ဦးတင်အောင်(ခ)ဦးပါ

(မြတ် လက်ဆောင်ကတ်နှင့်စာပေထုတ်ဝေရေး)

အသက်(၈၀)

(ဦးဘိုးရင်–ဒေါ်မမကြီး)တို့၏သားထွေး၊ (ဦးတင်နွယ်–ဒေါ်ခင်မြင့်)တို့၏ သားသမက်၊ ဦးချစ်လွင်–ဒေါ်ခင်ခင်၊ ဦးတင်မောင်–ဒေါ်ရွှကြည်တို့၏ညီ/မောင်၊ ဦးဝင်းဇော်–ဒေါ်မြတ်သွယ်၊ ဦးမျိုးကျော်အောင် (2/0 Ocean, Tanker)–ဒေါ်ဝင်းဝါ၊ ဦးအောင်ကျော်ဦး–ဒေါ်ခင်စောလှဲ၊ ဆရာသွယ်–ဒေါ်သင်းသင်းလှဲ၊ (ဦးနေစိုးအောင်)–ဒေါ်သက်သက်အောင်၊ ဦးအောင်ကျော်ဇော–ဒေါ်ရီရီဝင်းတို့၏ဖခင်၊ မြေး ၁၂ ယောက်တို့၏အဘိုး၊ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ဈေးကုန်းအနောက်ရပ်ကွက်၊ မာဃ(A)လမ်း၊ အမှတ် ၇၄နေ ဒေါ်ခင်သိန်းနွယ်(ခ)ဒေါ်ကြူကြူ၏ခင်ပွန်းသည် ၁၆–၉–၂၀၀၄ရက်(ကြာသပတေးနေ့) နံနက် ၉း၄၅ နာရီတွင် အာရှတော်ဝင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၂၀–၉–၂၀၀၄ရက်(တနလာနေ့)ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးဟန်မြင့် (B.A; Eng)

(အင်းတော် မောင်ရည်မွန်)

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင် ပြန်ကြားရေးဝန်ကြီးဌာန(ငြိမ်း)

အသက်(၇၂)နှစ်

အင်းတော်မြို့နေ (ဦးခင်ဝင်း–ဒေါ်ဌေးစိန်)တို့၏သားကြီး၊ ကသာမြို့နေ (ဦးချစ်ဆွေ–ဒေါ်စန်းရီ) ဒေါ်တင်ကြည်တို့၏သားသမက်၊ ရန်ကုန်မြို့၊ ကျောက်မြောင်း၊ ကျားကွက်သစ်လမ်း၊ အိမ်အမှတ် ၅၁ နေ ဒေါ်ကြည်ကြည်ဝင်း၏ခင်ပွန်း၊ ဗိုလ်မှူးကျော်ဇော်ဦး (ငြိမ်း၊ အကျဉ်းဦးစီးဌာန)–ဒေါ်သီတာဝင်း၊ (ကိုကျော်ဇောထူး)၊ ဦးကျော်ဇောမှူး(D.19-Co.,Ltd.)–ဒေါ်ခင်ဆွေဦး၊ ကိုကျော်ဇောမျိုး၊ ဗိုလ်မှူးကျော်ဇောမိုး–ဗိုလ်ကြီးဝင်းပပတို့၏ဖခင်၊ မဇင်မာဝင်း၊ မဝင်းရွှေရည်ဦး၊ မောင်ဥက္ကာကျော်တို့၏အဘိုးသည် ၁၇–၉–၂၀၀၄ရက် နံနက် ၁း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉–၉–၂၀၀၄ရက် ညနေ ၃ နာရီ တွင် အမှတ်(၂)တပ်မတော်ဆေးရုံကြီး၊ ငြိမ်းအေးဇရပ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုလ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးရှိ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားအကြောင်းကြားအပ်ပါသည်။[အမှတ်(၂)တပ်မတော်ဆေးရုံကြီး၊ ငြိမ်းအေးဇရပ်မှကားများ မွန်းလွဲ ၂ နာရီတွင်ထွက်ပါမည်။]ကျန်ရစ်သူမိသားစု။

ဒေါ်သန်းခင် (ခရမ်း)

အသက်(၈၃)နှစ်

ရန်ကုန်တိုင်း၊ ခရမ်းမြို့နယ်၊ စနေလမ်းနေ သဘာဝဓမ္မ တိုင်းရင်းဆေးဆရာကြီး (ဦးဘသင်)၏ဇနီး၊ (ဦးထွန်းကြည်)–ဒေါ်စိုးမြင့်၏ညီမ၊ (ဦးတင်အောင်–ဒေါ်တင်မြိုင်)၊ (ဦးတင်မောင်)–ရန်ကုန်သူဒေါ်ခင်စိန်တို့၏အစ်မ၊အမှတ် ၂၅၇၊ကျိုက္ကဆံလမ်း၊ဖျိုး/ရွာမရပ်ကွက်၊ တာမွေမြို့နယ်နေ ဦးတင်မြင့်(ဆောက်လုပ်ရေး၊ ရေ/သန့်)–ဒေါ်မိမိခိုင်၊ဦးမြင့်သိန်း–ဒေါ် ခင်နွဲ့၊ ဦးမြင့်သန်း–ဒေါ်လှဲလှဲ အထက–၁၊ ခရမ်း)တို့၏မိခင်၊ မစုမွန်ထက် (အထက–၂၊ ခရမ်း)၏အဘွားသည် ၁၇–၉–၂၀၀၄ရက်(သောကြာနေ့) နံနက် ၁ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ကွယ်လွန်သွားပါ၍ ၁၉–၉–၂၀၀၄ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၁ နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(အမှတ် ၂၅၇၊ ကျိုက္ကဆံလမ်း၊ တာမွေမြို့နယ် နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ကြည်လေး

အသက်(၆၃)နှစ်

ရန်ကုန်တိုင်း၊ သာကေတမြို့နယ်၊ ၆/အရှေ့ရပ်ကွက်၊ အောင်သုခ ၂၆လမ်း၊ အမှတ် ၁၂၇၆နေ ညောင်တုန်း (ဦးဘကျော်–ဒေါ်လှ)တို့၏သမီး၊ ဦးလူလေး–ဒေါ်ဝိုက်မိတို့၏သမီးချွေးမ၊ ယဉ်ကျေးမှုဝန်ကြီးဌာန(အငြိမ်းစား) ရပ်သေးပညာရှင်ဗဟိုဒိုင်ချုပ် ဦးစိန်ထွန်းကြည်၏ဇနီး၊ ဦးစံညွှန့်–ဒေါ်လှမြင့်၊ ဦးဝင်းမောင်–ဒေါ်ခင်မိုး၊တရုတ်ကလေး(ခ)ကိုစိန်အေးမြင့်–မမြင့်စန္ဒာ၊ ကိုကျော်စိုး–မကြည်လှိုင်၊ကိုနေလင်း–မသန်းသန်းဝင်း၊မောင်လှဌေး၊ မချိုချိုစန်း၊ မောင်ကျော်ဆောင်–မချိုချိုဦးတို့၏မိခင်၊ မြေး ၁၁ယောက်တို့၏အဘွားသည် ၁၆–၉–၂၀၀၄ရက် (ကြာသပတေးနေ့) ည ၉း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈–၉– ၂၀၀၄ ရက် (စနေနေ့) မွန်းလွဲ ၁ နာရီတွင် နေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယိကာမကြီး

ဒေါ်အေးငွေ(ခ)မမ

(ကျိုက်လတ်၊ တုံးလှဲ)

အသက်(၅၂)နှစ်

ဧရာဝတီတိုင်း၊ ကျိုက်လတ်မြို့၊ တုံးလှဲကျေးရွာနေ ဦးဟန်ရှင်–ဒေါ်မြကြီး တို့၏သမီးကြီး၊ ဦးထွန်းလှငြိမ်း(ခ) ဦးရှမ်း(အငြိမ်းစား ကျောင်းဆရာ)၏ ဇနီး၊ မအေးအေးခိုင်၊ မဥမ္မာဆွေ၊ မစန္ဒာထွန်း၊ မောင်သူရိန်ထွန်း၊ မောင်လမင်းထွန်း (ကျန်းမာရေးမှူး၊ မြောင်းတကာ ကျေးလက်ကျန်းမာရေးဌာန)၊ မောင်ဇာနည်ထွန်း၊ မောင်သက်အောင်ဆွေ၊ မောင်သော်တာဆွေ၊ မောင်နေမင်းထွန်း၊ မမေမျိုးသူဇာထွန်း၊မောင်သက်တင်ထွန်း တို့၏မိခင်သည် ၁၅–၉–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၉–၉–၂၀၀၄ ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁း၃၀ နာရီ တွင် တုံးလှဲကျေးရွာ၌ ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း။ကျန်ရစ်သူမိသားစု။

ကျောင်းအမကြီး

ဆွာရူတီ(ခ)ဒေါ်ခင်ရွှေ

(သရက်ပင်ချောင်းကျေးရွာ)

အသက်(၈၂)နှစ်

လှည်းကူးမြို့နယ်၊ သရက်ပင်ချောင်းကျေးရွာနေ (ဦးကဲယား–ဒေါ်စောရင်) တို့၏သမီး၊ ရန်ကုန်မြို့၊ဗညားဒလလမ်း၊ အမှတ် ၃၆၄ နေ ဦးချူဂျန်မွန်(ခ)ဦးဘွန်နား၏ဇနီး၊ ကိုအင်ချုံး(ခ)ကိုကြည်မြင့်–မအန်မွေလန်း၊ မကြူကြူ၊ ကိုအင်ဗုက်(ခ)ကိုတင်အေး–မနုနုဌေး၊ မကျင်စွမ်း၊ ကိုစန်းရီ–မကျင်စိန်၊ ကိုဝေဇင်–မကျင်ထွေး၊ ကိုအောင်ဝင်း–မကျင်အေး၊ ကိုကျင်တိတ်–မကျင်မွှေးတို့၏ မိခင်၊ မြေး ၁၇ ယောက်၊ မြစ်တစ်ယောက်တို့၏အဘွားသည် ၁၇–၉–၂၀၀၄ရက် (သောကြာနေ့)နံနက် ၀၀း၁၅နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၁၉–၉–၂၀၀၄ရက် (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ဂူသွင်းသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀တွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ အမှတ် ၃၆၄၊ ဗညားဒလလမ်း နေအိမ်၌ ၂၃–၉–၂၀၀၄ရက်(ကြာသပတေးနေ့)နံနက် ၇ နာရီမှ ၁၀ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားနာယူမည် ဖြစ်ပါ၍ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယိကာမကြီး

ဒေါ်အေးချို (ထားဝယ်ချောင်း)

အသက်(၇၅)နှစ်

ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၉)ရပ်ကွက်၊ ညောင်ပင်လမ်း၊ အမှတ် ၂၅၀နေ (ဦးဘထွန်း–ဒေါ်စိန်) တို့၏သမီး၊ (ဦးဖြိုး–ဒေါ်သက်နု)တို့၏ သမီးချွေးမ၊ ဦးကျော်လှိုင်၏ဇနီး၊ ရဲအုပ်လှအေး (မိုးမောက်မြို့နယ် ရဲတပ်ဖွဲ့)–ဒေါ်နွဲ့နွဲ့ဦး (အထက –၄၊ မြောက်ဥက္ကလာ)၊ ဦးမြင့်သောင်း(Universal Tractor Co., Ltd.)–ဒေါ်မြင့်မြင့်ဌေး (ခွဲ–၅၊ စာရင်းစစ်ချုပ်ရုံး)၊ဒေါ်မြင့်သီတာအေး(အမက–၅၊ မရမ်းကုန်း)၊ ဦးဆွေဝင်းမောင် (Power Computer Graphic Design)–ဒေါ်ခင်သီတာအေး(T.H.T International Co., Ltd.)၊ ဒေါ်သူဇာလှိုင် (Myanmar Tractors Ltd.)တို့၏မိခင်၊ မောင်ဟိန်းထက်ထက်အောင် (တတိယနှစ်၊ အကြီးတန်း၊မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်)၊မောင်ဟိန်းပြည့်ဖြိုး(IX-G၊ အထက–၂၊ ကမာရွတ်)၊ မပိုင်းပြည့်စုံလှိုင် (IV၊ အမက–၈၊ မရမ်းကုန်း) တို့၏အဘွားသည် ၁၇–၉–၂၀၀၄ရက် (သောကြာနေ့) နံနက် ၃း၃၅နာရီတွင် မြောက်ဥက္ကလာပ ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၉–၉–၂၀၀၄ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဒိုက်ဦးမြို့နယ်အသင်း(ရန်ကုန်)

ဒေါ်စိန်ရှင်

ပူဇော်ကန်တော့ခံ၊ ရာသက်ပန်အသင်းဝင်

အသက်(၉၆)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ ၁၇လမ်း၊ အိမ်အမှတ် ၅၀၇နေ ဒေါ်စိန်ရှင်သည် ၁၆–၉–၂၀၀၄ ရက် မွန်းလွဲ ၁း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈–၉–၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါသဖြင့် အသင်းသားများ လိုက်ပါပို့ဆောင်ကြပါရန်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။)

အမှုဆောင်အဖွဲ့။

ဒေါ်ခင်ကျွေ (ဒေါ်ဗျော့ကြီး)

(မြောင်းမြ)

အသက်(၈၄)နှစ်

မြောင်းမြမြို့၊ ရှမ်းကုန်းပိုင်း၊ အမှတ် ၃၂၊ ဦးဘချိုလမ်းနေ(ဦးဘဦး–ဒေါ်သန်းတင်)တို့၏သမီးထွေး၊ (ဦးစိန်လှိုင်)၏ဇနီး၊ (ဦးအုန်းဖေ)–ဒေါ်ခင်မြင့်၊ (ဦးတင်ညွှန့်–ဒေါ်ခင်တင့်)တို့၏ညီမ၊ မန္တလေးမြို့နေ ရွှေနေဦးစိုးဝင်း–ဒေါ်လှလှ၊ ရန်ကုန်မြို့နေ ဒေါက်တာဌေးအောင်–ဒေါက်တာရွှေဝါလှိုင်၊ ဦးအောင်မြင့်စန်း–ဒေါ်ရွှေဝါဝါတို့၏မိခင်၊ မြေးခြောက်ယောက်တို့၏အဘွားသည် ၁၇–၉–၂၀၀၄ရက် နံနက် ၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉–၉–၂၀၀၄ရက်တွင် သဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ပေါင်းလောင်းအသင်း(ရန်ကုန်)

ဒေါ်ကြည်ကြည်ခင်

(သူရဲသမိန်)

အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ပြည်သာယာရိပ်သာ၊မာလာမြိုင်လမ်း၊အမှတ် ၅၀နေ ဗိုလ်မှူးချစ်ခင်(ငြိမ်း)၏ဇနီးသည် ၁၆–၉–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၈–၉–၂၀၀၄ရက် ညနေ ၅ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင် ထွက်ခွာပါမည်။) အမှုဆောင်အဖွဲ့။

ဗိုလ်မှူးအောင်သန်း (ငြိမ်း)

အပတ်စဉ်(၂၈)

အသက်(၇၂)နှစ်

ပုသိမ်မြို့၊ ရွှေဝတ်မှုံရပ်ကွက်၊ ၂လမ်း၊ အမှတ် ၃၅ နေ (ဦးသိန်းဟန်–ဒေါ်သန်းစိန်)တို့၏သား၊ ဦးမြသန်း၊ ဦးကျော်သန်းတို့၏အစ်ကို၊ ဗိုလ်မှူးလှစိုး(ဒုတပ်ရင်းမှူး)–ဒေါ်မေစန္ဒာအောင်၊ ကိုစိုးလွင်–မမေသီတာအောင်(ကျင်မိသားစု ဆားစက်၊ မြောင်းမြ)၊ ကိုအောင်ကျော်မိုး–မစန္ဒာအေး(She Store)၊ ဗိုလ်မှူးတင်မိုး(ဒုတပ်ရင်းမှူး)–ဒေါ်နန်းကိန်ခမ်းတို့၏ ဖခင်၊ မြေးကိုးယောက်တို့၏ အဘိုး၊ ဒေါ်နှင်းရီ၏ခင်ပွန်းသည် ၁၆–၉–၂၀၀၄ ရက်(ကြာသပတေးနေ့)မွန်းလွဲ ၁ နာရီ တွင် ကွယ်လွန်သွားပါသဖြင့် ၁၈–၉–၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် မန္တလေး ပြည်သူ့ဆေးရုံကြီးမှကြာနီကန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဦးမျိုးထွန်း (စစ်တွေ)

A.G.T.I (Civil) 1984

အငယ်တန်းအင်ဂျင်နီယာ(၂)၊ မြို့ပြ သံလွင်တံတားစီမံကိန်း

(မော်လမြိုင်ဘက်ကမ်း)

အသက်(၄၀)

ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ တိုက်အမှတ် ၃၊မအူပင်လမ်းနေ(ဦးထွန်းသိန်း) (လ/ထအင်ဂျင်နီယာ၊လျှပ်စစ်)–ဒေါ်ခင်သန်းတို့၏သားလတ်၊ (ဦးကျော်ဇော)–ဒေါ်လှလှတို့၏သားသမက်၊ ဒေါ်အုန်းမေ၏တူသား၊ ရန်ကုန်မြို့၊ အမှတ် ၃ (မြေညီထပ်၊ ခေါင်းရင်း)၊ မင်းညွှန့်လမ်း၊ စမ်းချောင်းမြို့နယ်နေ ဒေါ်လှခင်၏ခင်ပွန်း၊ မနှင်းဥရွှေရည်(တိုးတိုး) (IDEC, 16)၊ မောင်ကောင်းမြတ်ကျော် (VII-H, TTC)တို့၏ဖခင်၊ စစ်တွေမြို့နေ ဦးစောဖေ–ဒေါ်မြခင်၊ ဦးအောင်ကျော်သောင်း–ဒေါ်မြစိုးစိုးတို့၏အစ်ကို၊ မခင်ဖူးဖူးခိုင်၊ မောင်ဖြိုးပိုင်စိုးတို့၏ ဦးလေးသည် ၁၆–၉–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၂၀–၉–၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ဇရပ်၊ ပိဋကတ်သုံးပုံအလှူဒါယိကာမကြီး

ဒေါ်ကြည်

အသက်(၉၀)

ဧရာဝတီတိုင်း၊ ပန်းတနော်မြို့နေ (ဦးဆိုးဖေ–ဒေါ်စိမ်းညွှန့်)တို့၏ သမီး၊ (ဦးမောင်သော်)၊ (ဒေါ်သိန်းဟန်)၊ (ဦးစံသိန်း)၊ ဒေါ်သိန်းရှင်တို့၏အစ်မ၊ ပဲခူးတိုင်း၊ ဝေါမြို့နယ်၊ သရဲသမိန်ရွာနေ (ဦးဖိုးအောင်–ဒေါ်သက်နု)တို့၏ သမီးချွေးမ၊ ဒေါ်မွှေးခင်၏အစ်မ၊ ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ၈ လမ်း၊ အမှတ် ၅၄၊၅၆ နေ (ဦးရှိန်)၏ဇနီး၊ ဒေါ်သန်းအေး(အမှတ် ၅၇၊ ဘီရုံ၊ သိမ်ကြီးဈေး)၊ ဦးမြင့်ဆွေ–ဒေါ်ဝင်းဝင်း(လမ်းမတော်မြို့နယ် သမဝါယမဝန်ထမ်းဟောင်း)၊ ဦးတင်ရှိန်–ဒေါ်အေးအေးသန်း(ခ)မငယ်တို့၏မိခင်၊ မြေးခုနစ်ယောက်၊ မြစ်နှစ်ယောက်တို့၏အဘွားသည် ၁၇–၉–၂၀၀၄ရက် (သောကြာနေ့) ညနေ ၅း၄၀ နာရီတွင် အထက်ပါနေအိမ်၌ကွယ်လွန်သွားပါ၍ ၁၉–၉–၂၀၀၄ရက် (တနင်္ဂနွေနေ့)ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်ဂူသွင်း သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၃–၉–၂၀၀၄ရက် (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားနာမည်ဖြစ်ပါ၍ အထက်ပါ နေအိမ်သို့ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ပေါက်တောမြို့နယ်အသင်း

ဒေါ်စိန်သာ

အသက်(၈၇)နှစ်

တပ် ၆၃(က)၊ လှိုင်းဗဟိုနိုင်ငံရေး မင်္ဂလာဒုံမြို့နယ်နေ ဒေါ်စိန်သာသည် ၁၆–၉–၂၀၀၄ရက် နံနက် ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈–၉–၂၀၀၄ ရက်(စနေနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်သဂြိုဟ်မည် ဖြစ်ပါသဖြင့် အသင်းသူ အသင်းသားများ လိုက်ပါပို့ဆောင်ကြပါရန်။

အမှုဆောင်အဖွဲ့။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ဒါယိကာမကြီး

ဒေါ်လှိုင်

အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊အမှတ် ၂၇၊ ၇လမ်းနေ (ဦးဖုံဟ–ဒေါ်ရှုခင်)တို့၏ သမီး၊ (ဦးချူး–ဒေါ်စိန်ချစ်)တို့၏ သမီးချွေးမ၊ (ဦးလုံစိန်)၏ဇနီး၊ (ဒေါ်ခင်ဆွေ)–ဦးမြင့်ဆွေ၊ (ဦးခင်လှိုင်)–ဒေါ်သန်းသန်းအေး၊ ဒေါ်ရင်ရင်မြ–ဦးအမိန်း၊ ဒေါ်ရင်ရင်–ဦးကျော်ဝင်း၊ဒေါ်ကြည်–ဦးလှမျိုး၊ဦးဝင်းလှိုင်–ဒေါ်ခင်စန်းဝင်း၊ ဦးမောင်မောင်လှိုင်–ဒေါ်ချိုချိုမြင့်တို့၏မိခင်၊ မြေး ၂၀ ယောက်၊ မြစ်တစ်ယောက်တို့၏ အဘွားသည် ၁၇–၉–၂၀၀၄ရက် (သောကြာနေ့) မွန်းလွဲ ၂း၃၀ နာရီတွင် အထက်ပါနေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၁၉–၉–၂၀၀၄ရက်(တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင်နေအိမ်မှရေဝေးကွမ်းတုံတရုတ်သုသာန်သို့ ပို့ဆောင်မြေမြှုပ်သဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ တန်ဆောင်းဒါယကာကြီး

ဦးထွန်းသီ

(ကြွေချိုင်ရွာ၊ ဂွမြို့နယ်)

အသက်(၈၀)

အင်းစိန်မြို့၊ စော်ဘွားကြီးကုန်း ရပ်ကွက်၊ အမှတ် ၁၁၁၊ စပယ်လမ်း၊ ထန်းပင်ကုန်းနေ(ဦးသက်ပြင်း–ဒေါ်ပုမ) တို့၏သား၊ (ဦးဆိုးအေး–ဒေါ်စိန်ကျော့) တို့၏သားသမက်၊ဒေါ်ခိုင်ဦး၏ခင်ပွန်း၊ ဦးထွန်းရွှင်(တိုင်ကျိုးရွာ)၏ညီ၊ ဒေါ်ထွေးရှင်–(ဦးတင်မောင်)တို့၏အစ်ကို၊ ဒေါ်နုရွှေ–ဦးအောင်မြင့် (Advanced Biologicals)၊ ဒေါ်နုရီ (တွဲဖက်ပါမောက္ခ၊လားရှိုးတက္ကသိုလ်)၊ဦးအောင်သာဌေး–ဒေါ်အေးမိုတို့၏ဖခင်၊ ဒေါ်ဖြူဖြူမြင့်–ဦးကျော်သိန်းခိုင်၊ ဦးအောင်ဇော်မြင့်–ဒေါ်ခင်သီတာစိုး၊ ဒေါက်တာအောင်ဇော်လတ် – ဒေါက်တာမင်းမင်းဝင်း၊ မနုဝါမြင့်၊ မောင်ရဲမြင့်လတ်၊ မထက်ရင်လင်းတို့၏အဘိုး၊ မဖြူဖြူသန့်၏အဘေးသည် ၁၇–၉–၂၀၀၄ရက် (သောကြာနေ့)နံနက် ၁၁း၄၅ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ကွယ်လွန်သွားပါ၍ ၁၉–၉–၂၀၀၄ရက်(တနင်္ဂနွေနေ့)ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (ထန်းပင်ကုန်းနေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ တန်ဆောင်းဒါယကာကြီး

ဦးခိုင် (သုံးခွ)

အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ကန်တော်ကလေး၊ တောင်ပိုင်းရပ်ကွက်၊ အမှတ် ၁၈၊ မန္တလေးလမ်းနှင့် အမှတ် ၂၁၇၊ အလင်းရောင်လမ်း၊ ဆေးစက်ရပ်ကွက်၊ ဒေါပုံမြို့နယ်နေ (ဦးဘိုးကျော်–ဒေါ်ငွေစိန်)တို့၏ သား၊ (ဦးမြဇင်–ဒေါ်လှရင်)တို့၏သားသမက်၊ (ဒေါ်နွဲ့)၏ခင်ပွန်း၊ ဒေါ်ခင်ဆွေဝင်း၊ ဦးမောင်မောင်စိုး၊ ဒေါ်ယဉ်ယဉ်ဝင်း၊ ဒေါ်သန်းသန်းဝင်း၊ ဦးထွန်းမြင့်၊ ဒေါ်မြင့်မြင့်ဆွေ (အမက–၁၊ မင်္ဂလာတောင်ညွှန့်)–(ဦးတိတ်စိန်)၊ ဒေါ်လှလှဝေတို့၏ဖခင်၊ မြေးရှစ်ယောက်တို့၏အဘိုး၊ မြစ်တစ်ယောက်၏အဘိုးသည် ၁၆–၉–၂၀၀၄ရက် (ကြာသပတေးနေ့) နံနက် ၉း၁၀ နာရီတွင် မန္တလေးလမ်းနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၈–၉–၂၀၀၄ ရက်(စနေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်း၊ကန် ဒါယကာကြီး

ဦးမောင်ညို

အသက်(၇၄)နှစ်

ရန်ကုန်မြို့၊တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ သီလလမ်း၊ အမှတ် ၂၆၁ နေ ဒေါ်ခင်သန်း၏ခင်ပွန်း၊ ဦးဝင်းနိုင် (ဆိပ်ကမ်းရုံးချုပ်)–ဒေါ်မြရီ(အမှတ်–၁၊ အခြေခံပညာ)၊ ဦးအေးမောင်–ဒေါ်ခင်အုန်းမြင့်၊ (ဦးကျော်မြင့်)–ဒေါ်လှလှဝင်း၊ ဦးကျော်ဝင်း(ငါးဦးစီး၊ မော်လမြိုင်)–ဒေါ်ခင်နီလာ၊ ဒေါ်နီနီဝင်း (မစဘ ဘဏ်ခွဲ–၅) ဦးမြင့်သိန်း(ငါးဦးစီး၊ မြိတ်မြို့)တို့၏ဖခင်ကြီး၊ မြေးငါးယောက်တို့၏အဘိုးသည် ၁၇–၉–၂၀၀၄ရက် ၂း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် သဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဒေါ်ခင်မြင့်

အသက်(၅၅)နှစ်

လားရှိုးမြို့၊ရပ်ကွက်(၅)နေ(ဦးမြိုင်)–ဒေါ်ကြွယ်တို့၏သမီးချွေးမ၊ ရပ်ကွက်(၆)နေ ဒေါ်အုံးရွှေ၏တူမ၊ ဦးချစ်မောင်–ဒေါ်ခင်တင့်တို့၏ညီမ၊ ဦးထွန်းရွှေ (တရားရုံးချုပ်ရှေ့နေ)၏ဇနီး၊ ကိုစိုးမြင့်ထွန်း၊ မခင်စန္ဒာထွန်း၊ မဇင်မာထွန်း (လားရှိုးနည်းပညာကောလိပ်)၊ မအေးမြတ်ထွန်း(မန္တလေး ဆေးတက္ကသိုလ်)၊ မောင်ဖြိုးကျော်ထွန်းတို့၏ မိခင်သည် ၁၆–၉–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ယင်းနေ့တွင်ပင်တောင်မြင့်သုသာန်၌မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၂၀–၉–၂၀၀၄ရက်(တနလာနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာယူမည်ဖြစ်ပါ၍ နံနက် ၇နာရီမှမွန်းတည့်၁၂နာရီအထိ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဦးမျိုးထွန်း (စစ်တွေ)

A.G.T.I (Civil) 1984

အငယ်တန်းအင်ဂျင်နီယာ(၂) မြို့ပြ သံလွင်တံတားစီမံကိန်း

(မော်လမြိုင်ဘက်ကမ်း)

အသက်(၄၀)

ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ အမှတ် ၃၊ မအူပင်လမ်းနေ (ဦးထွန်းသိန်း) (လက်ထောက်အင်ဂျင်နီယာ၊ လျှပ်စစ်)–ဒေါ်ခင်သန်းတို့၏သားလတ်၊ (ဦးကျော်ဇော)–ဒေါ်လှလှတို့၏ သားသမက်၊ ရန်ကုန်မြို့၊ အမှတ် ၃ (မြေညီထပ်၊ ခေါင်းရင်း)၊ မင်းညွှန့်လမ်း၊ စမ်းချောင်းမြို့နယ်နေ ဒေါ်လှခင်၏ခင်ပွန်း၊ မနှင်းဥရွှေရည် (တိုးတိုး) (IDEC,16)၊မောင်ကောင်းမြတ်ကျော် (VII-H, TTC)တို့၏ဖခင်၊ ဦးမျိုးဝင်း–ဒေါ်ခင်ချိုဆက်တို့၏ညီ၊ ဦးမောင်မောင်လွင်–ဒေါ်ဇင်မျိုးသန့်၊ မောင်မျိုးသန့်တို့၏အစ်ကို၊ မထက်ထက်မျိုးဆက်၊ မမေမျိုးဆက်ထွေး၊ မောင်မြတ်မင်းသူ၊ မသန္တာမျိုးလွင်တို့၏ဦးလေးသည် ၁၆–၉–၂၀၀၄ရက်တွင် ကယ်လွန်သွားပါသဖြင့် ၂၀–၉–၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ် မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။ **R. 488**

နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့် စင်ကာပူသမ္မတအားတွေ့ဆုံနှုတ်ဆက် နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အရှိန်အဟုန်မြှင့် ကြိုးပမ်းနေမှုများရှင်းလင်း မြန်မာနိုင်ငံ၏ ဒီမိုကရေစီကူးပြောင်းရေးကြိုးပမ်းမှုများစာနာကြောင်းပြန်လည်ဆွေးနွေး

ရန်ကုန် စက်တင်ဘာ ၁၇

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် စင်ကာပူသမ္မတနိုင်ငံသမ္မတ မစ္စတာအက်စ် အာရ် နာသန်အား စက်တင်ဘာ ၁၃ရက် မွန်းလွဲ၂နာရီ ၁၅မိနစ်တွင် စင်ကာပူမြို့ရှိ သမ္မတအိမ်တော် အစ္စတာနာသို့ သွားရောက်တွေ့ဆုံနှုတ်ဆက်သည်။

သွားရောက်တွေ့ဆုံ

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် စင်ကာပူသမ္မတနိုင်ငံ သမ္မတ မစ္စတာ အက်စ် အာရ် နာသန်အား စင်ကာပူမြို့ သမ္မတအိမ်တော် အစ္စတာနာ ဧည့်ခန်းမ၌ သွားရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

တက်ရောက်

ထိုသို့တွေ့ဆုံနှုတ်ဆက်ရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ အမှတ် (၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊ ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၊ စင်ကာပူသမ္မတနိုင်ငံ ဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးလှသန်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထွန်းတို့ တက်ရောက်ကြပြီး စင်ကာပူသမ္မတနိုင်ငံ သမ္မတ မစ္စတာအက်စ် အာရ် နာသန်နှင့်အတူ ဘဏ္ဍာရေးဝန်ကြီးဌာန ခေတ္တဒုတိယဝန်ကြီး H.E. Mr. Raymond Lim၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Heng Chee How၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ

စာမျက်နှာ ၉ ကော်လံ ၁ ✻

မြန်မာ–စင်ကာပူ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု အလွန်ကောင်းမွန်လျက်ရှိ စင်ကာပူအနေဖြင့် ကဏ္ဍအများအပြားတွင် မြန်မာဘက်မှရပ်တည်ထောက်ခံပေးသဖြင့် ကျေးဇူးတင်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်

မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံရန်နှင့် ကူးသန်းရောင်းဝယ်ရေး မြှင့်တင်ရန်ဆန္ဒရှိ ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် မြန်မာဘက်မှ ဆက်လက်ရပ်တည်မည်

စင်ကာပူဝန်ကြီးချုပ် မစ္စတာလီရှန်းလွန်း

ရန်ကုန် စက်တင်ဘာ ၁၇

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာလီရှန်းလွန်းနှင့် စက်တင်ဘာ ၁၃ရက် နံနက် ၁၁နာရီတွင် စင်ကာပူမြို့ရှိ သမ္မတအိမ်တော် အစ္စတာနာသို့ သွားရောက်တွေ့ဆုံ ဆွေးနွေးသည်။

လှိုက်လှဲစွာနှုတ်ဆက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ်နှင့် တွေ့ဆုံဆွေးနွေးရန် ခေတ္တတည်းခိုသည့် Four Seasons Hotel မှ သမ္မတအိမ်တော်အစ္စတာနာသို့ မော်တော်ယာဉ်ဖြင့် ရောက်ရှိလာရာ စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာလီရှန်းလွန်းက လှိုက်လှဲခင်မင်စွာ နှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် သမ္မတအိမ်တော် ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် စင်ကာပူသမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာလီရှန်းလွန်းတို့သည် သမ္မတအိမ်တော် ဧည့်ခန်းမ၌ ရင်းနှီးခင်မင်စွာတွေ့ဆုံကြသည်။

စာမျက်နှာ ၉ ကော်လံ ၁ ☆

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာလီရှန်းလွန်းတို့ စင်ကာပူမြို့ သမ္မတအိမ်တော် အစ္စတာနာဧည့်ခန်းမ၌ ရင်းနှီးခင်မင်စွာ တွေ့ဆုံဆွေးနွေးကြစဉ်။ (သတင်းစဉ်)